၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group   Issue No.803, FEBRUARY 27, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax:  81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## တရားဥပဒေ စိုးမိုးမှုမရှိဘဲ လုံခြုံဘေးကင်းမှုမရှိနိုင်ဟု ဒေါ်အောင်ဆန်းစုကြည်ပြော

**VOA ၊ ဖေဖေါ်ဝါရီ ၂၂။**   ။ ဥပဒေစိုးမိုးမှု ကင်းမဲ့တဲ့ လူ့အဖွဲ့အစည်းတရပ်မှာ လုံခြုံဘေးကင်းမှု မရနိုင်သလို လွတ်လပ်မှု ဆိုတာလည်း အဓိပ္ပာယ်ရှိမှာ မဟုတ်ဘူးလို့ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကပြောလိုက်ပါတယ်။ကနေဒါနိုင်ငံကာလ်တန် (Carleton) တက္ကသိုလ်က ချီးမြှင့်တဲ့ ဥပဒေဆိုင်ရာ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အပ်နှင်းတဲ့ အခမ်းအနားအတွင်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ မြန်မာနိုင်ငံတွင်း ဥပဒေစိုးမိုးမှုအတွက် ရပ်တည် ဆောင်ရွက်သွားမယ်လို့ အဲဒီအခမ်းအနားကို ပေးပို့ခဲ့တဲ့ ဗွီဒီယိုမိန့်ခွန်းမှာ ဒေါ်အောင်ဆန်းစုကြည်က ပြောသွားပါတယ်။ အဲဒီမိန့်ခွန်းနဲ့ ပတ်သက်လို့ ကိုသားညွန့်ဦးက တင်ပြပေးထားပါတယ်။

ကနေဒါနိုင်ငံကာလ်တန်တက္ကသိုလ်မှာကျင်းပတဲ့ အဲဒီဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့ချီးမြှင့်ပွဲကို တက္ကသိုလ်အဓိပတိအပါအဝင်ကနေဒါလွှတ်တော်အမတ်တွေ၊ ကနေဒါအစိုးရပိုင်းကအရာရှိတွေပါ တက်ရောက်ခဲ့ကြပါတယ်။   ဆုချီးမြှင့်ခံရသူဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဒီပွဲကိုရောက်မလာနိုင်ပေမဲ့ဗွီဒီယိုကတဆင့် တတ်ရောက်လာသူတွေကို မိန့်ခွန်းစကားပြောပါတယ်။ လွတ်လပ်မှုနဲ့ လုံခြုံမှုဟာ တပြိုင်နက်တည်း ရှိဖို့လိုသလို အဲဒီအတွက်ဆိုရင် ဥပဒေစိုးမိုးမှုဟာ မဖြစ်မနေ အရေးပါတယ်လို့ ဒေါ်အောင်ဆန်း စုကြည်က ပြောသွားပါတယ်။

"ဥပဒေဆိုတာ လူသားတွေရဲ့ အကြီးမားဆုံး အောင်မြင်မှုတွေအနက် တခုဖြစ်တယ်ဆိုတာကို လွန်ခဲ့တဲ့ နှစ်တွေအတွင်း ကျမ အခိုင်အမာသဘောပေါက်ခဲ့ပါတယ်။ ဒါပေမဲ့ ဥပဒေဆိုတာဟာ တရားမျှတတဲ့ ဥပဒေဖြစ်ရပါမယ်။ အဲဒီလို တရားမျှတတဲ့ ဥပဒေတွေကိုကျင့်သုံးမှသာ လူသားတွေဟာ တကယ့်ကို ယဉ်ကျေးတဲ့ လက္ခဏာပေါ်လာမှာပါ။ အခုလို ကျမကို ဥပဒေရေးရာ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ ချီးမြှင့်လိုက်တာဟာ ကျမကို ယဉ်ကျေးတဲ့လူသားတဦးအနေနဲ့ ယူဆ သတ်မှတ်တဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ မြန်မာနိုင်ငံတွင်း ဥပဒေစိုးမိုးမှုအတွက် ဥပဒေအထောက်အကူပြုအဖွဲ့ဆိုတာကို ဖွဲ့စည်းခဲ့သလို ဒီအဖွဲ့ဟာ နိုင်ငံရေးအကျဉ်းသားအမှုတွေအတွက် အထူး တာဝန်ယူ ဆောင်ရွက်ပေးခဲ့တယ်လို့ ပြောပါတယ်။ တရားရေးလွတ်လပ်ခွင့်မရှိတဲ့ မြန်မာနိုင်ငံမှာ အဖွဲ့ချုပ် ဥပဒေအထောက်အကူပြုအဖွဲ့က ဆောင်ရွက်တဲ့အမှု အတော်များများဟာ အနိုင်မရခဲ့ပါဘူး။

ဒါပေမဲ့ ဒီအတွက် စိတ်ဓာတ်မကျဘဲ နိုင်ငံရေးအကျဉ်းသားတွေရဲ့ အခွင့်အရေးတွေအတွက် ရပ်တည်မှုပေးခဲ့တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။ ဒါကြောင့် အခုချီးမြှင့်တဲ့ ဆုကိုလည်း အဖွဲ့ချုပ် ဥပဒေအထောက်အကူပြုအဖွဲ့ကိုယ်စား လက်ခံရယူလိုက်ပါတယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောသွားပါတယ်။

"ဒီဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကိုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဥပဒေအထောက်အကူပြုရေးအဖွဲ့ရဲ့ ကိုယ်စား လက်ခံရယူတယ်လို့ ခံစားရပါတယ်။ ဒီအဖွဲ့အကြောင်းကို အနည်းငယ် ရှင်းပြချင်ပါတယ်။ မြန်မာနိုင်ငံမှာ ဒါမျိုးဟာ ပထမဆုံးဖွဲ့စည်းတဲ့ ဥပဒေရေးရာအဖွဲ့ ဖြစ်တယ်လို့ ဆိုချင်ပါတယ်။ ၁၉၉၅ ခုနှစ် တုန်းက စတင်ဖွဲ့ခဲ့ပါတယ်။

"နိုင်ငံရေး ရာဇဝတ်မှုတွေ ကျူးလွန်တယ်လို့ စွပ်စွဲခံရသူတွေရဲ့ အမှုကို ကူညီဆောင်ရွက်ပေးဖို့ ဖွဲ့စည်းခဲ့တာပါ။ ဒီအမှုမျိုးတွေကို ကျမကတော့ ရာဇဝတ်မှုရယ်လို့မမြင်ပါဘူး။ ဒါပေမဲ့နိုင်ငံရေးအကြောင်း

**စာမျက်နှာ ၂ သို့**

**ကြားဖြတ်ရွေးကောက်ပွဲ ပြုလုပ်ရမှာဖြစ်ပေမယ့် လုပ်ရန် မသေချာ** — **စာမျက်နှာ ၄**

**ဒေါ်အောင်ဆန်းစုကြည်ကို ကနေဒါတက္ကသိုလ် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်** — **စာမျက်နှာ ၇**

**လွှတ်တော်ပြင်ပမှလည်း နိုင်ငံရေးရှိကြောင်း ဒေါ်အောင်ဆန်းစုကြည် ပြောဆို** — **စာမျက်နှာ ၈**

**အိုင်အယ်လ်အိုအဖွဲ့ လုပ်အားပေးနှင့် အလုပ်သမား သမဂ္ဂကိစ္စ ဆွေးနွေးမည်** — **စာမျက်နှာ ၁၂**

**ဗြိတိသျှဝန်ကြီးချုပ်ထံ မြန်မာ့ဒီမိုအင်အားစုများ အိတ်ဖွင့်စာ ပေးပို့** — **စာမျက်နှာ ၁၆**

**ကျောင်းသားတပ်မတော် နဝမအကြိမ် ညီလာခံ ကျင်းပပြီးစီး** — **စာမျက်နှာ ၁၈**

VOB

အာဘော်

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို သတိပေးလိုက်ခြင်း

မြန်မာတိုင်းမ်စ်ဂျာနယ်ကို ထူထောင်ခဲ့သည့် ဩစတြေးလျားနိုင်ငံသား ရော့စ် ဒန်ကလေအား မြန်မာစစ်အာဏာပိုင်များက ဖမ်းဆီးလိုက်ခြင်းသည် မြန်မာနိုင်ငံတွင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံနှင့် မီဒီယာလောကကို အံ့အားသင့်တုန်လှုပ်သွားစေခဲ့သည်။ နအဖစစ်အာဏာပိုင်များက ရော့စ် ဒန်ကလေအား မူးယစ်ဆေးနှင့်ဆက်နွယ်နေသောစွဲချက်ကိုတင်ခဲ့သလို လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့်ပါ စွဲချက်တင်ခဲ့သည်။ အမျိုးသမီးတဦးက မိမိအား မူးယစ်ဆေးအတင်းအကျပ်သုံးစွဲစေခဲ့သည်၊ ကိုယ်ထိလက်ရောက်ရိုက်နှက်ခဲ့သည်ဟုဆိုကာ အမှုဖွင့်ကာဖမ်းဆီးခဲ့သည်။ တဖန် အဆိုပါအမျိုးသမီးကပဲ မိမိတွင် ကိုယ်ဝန်ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် တရားရုံးသို့ လာရောက်ရန်ခက်ခဲသည်ဟုဆိုကာ အမှုကိုပြန်လည်ရုပ်သိမ်းခဲ့သည်။

မြန်မာတိုင်းမ်စ်၏ လုပ်ငန်းအောင်မြင်မှုအပေါ် ရော့စ်ဒန်ကလေ၏ပိုင်ဆိုင်မှုကို အပိုင်စီးလိုခြင်းကြောင့် ထိုကဲ့သို့လုပ်ဆောင်ခြင်းဖြစ်သည်ဟု တွက်ဆနိုင်ပေသည်။

စင်္ကာပူနိုင်ငံမှ မြန်မာအမျိုးသမီးတဦးဖြစ်သည့် ဒေါ်ဝင်းဝင်းနက မြန်မာဘီယာလုပ်ငန်းကို ထူထောင်က ဘီယာထုတ်လုပ်ရောင်းချခဲ့ရာ အကြီးအကျယ်အောင်မြင်မှုရရှိခဲ့ပြီးနောက် အဆိုပါလုပ်ငန်းကို မြန်မာစစ်အာဏာပိုင်များက အမှုဆင်ကာ သိမ်းပိုက်ခဲ့သည့် သာဓကရှိခဲ့သည်။ ဒေါ်ဝင်းဝင်းနလည်း မိမိ၏အောင်မြင်မှုရလဒ်များကို ထားခဲ့ရပြီး မြန်မာနိုင်ငံမှ ထွက်ခွာခဲ့ရလေသည်။

ယခုလည်း အလားတူအဖြစ်မျိုးကို ရော့စ်ဒန်ကလေတယောက်ကြုံနေရလေပြီဖြစ်သည်။ နိုင်ငံခြားသားတဦးတယောက်က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ပြီး အောင်မြင်မှုရလာလျှင် စစ်အာဏာရှင်များမျက်စိကျပါက ၄င်း၏ပိုင်ဆိုင်မှုနှင့် အောင်မြင်မှုများအတွက် အာမခံချက်မရှိဆိုသည်ကို အဆိုပါအခြေအနေများကို ထောက်ရှုကာ တွက်ဆနိုင်ပေသည်။ တနည်းဆိုရလျှင် စစ်အာဏာရှင်များလက်ထက်တွင်တရားဥပဒေစိုးမိုးမှုမရှိ၊ အမိန့်အာဏာဖြင့် ထင်သလိုစီမံအုပ်ချုပ် နေသည်ဆိုသည်ကို ဖော်ပြနေသည်။ အဆိုပါအခြေအနေများက မြန်မာနိုင်ငံတွင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို သတိနှင့် လုပ်ဆောင်ရန် တပ်လှန့်လိုက်သလိုဖြစ်နေသည်။

ထိုမျှမကသေး။ စာနယ်ဇင်းလွတ်လပ်မှုအတွက် စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်သည်ကိုလည်း ဖော်ပြနေသည်။ အကြောင်းမှာ ယခုလို ရော့စ်ဒန်ကလေ ဖမ်းဆီးမခံရကတည်းက မြန်မာတိုင်းမ်စ်တွင် ရေးသားဖော်ပြချက်များအပေါ် စစ်အာဏာရှင်များက မျက်စိစပါးမွေးစူးနေသည်ဟူသော အသံများထွက်ပေါ်နေခဲ့သည်။ စစ်အာဏာရှင်များက စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုသည်ကို ဆားတို့ခံလိုက်ရသည့်တီကောင်သဖွယ် တွန့်ဆုတ်ကြောက်ရွံ့သောကြောင့်ဖြစ်သည်။ နိုင်ငံတွင်းဖြစ်ပျက်နေသည်ကို အမှန်အတိုင်းလူအများသိရှိသွားမည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။

ထို့ကြောင့် ရော့စ်ဒန်ကလေ ဖမ်းဆီးခံရခြင်းသည် လူတယောက်အမှုဖြစ်ကာစွဲချက်တင်ခံရခြင်းဆိုသည်ထက် များစွာ ကျော်လွန်ကာ နောက်ကွယ်တွင်အခြားအကြောင်းရင်းများရှိနေသည်ကို ဖော်ပြနေသည်ဟု ရေးသားလိုက်ရပေသည်။

---

**မျက်နှာဖုံးမှ**

ပြချက်နဲ့ စွပ်စွဲဖမ်းဆီးခံရတဲ့ အမှုတွေဖြစ်တာကြောင့် နိုင်ငံရေး ရာဇဝတ်မှုတွေလို့ ကျမကတော့ ခေါ်ချင်ပါတယ်။ အာဏာပိုင်တွေကတော့ သူတို့ကို ရာဇဝတ်မှု ကျူးလွန်တယ်ဆိုပြီး ထောင်ထဲထည့်ခဲ့ပါတယ်။”

ဥပဒေဆိုတဲ့နေရာမှာ တရားမျှတမှု လိုအပ်သလို တရားမျှတတဲ့ ဥပဒေဖြစ်မှသာ လူ့ယဉ်ကျေးမှု လက္ခဏာရပ်ဖြစ်တယ်လို့လည်း ဒေါ်အောင်ဆန်းစုကြည်က ပြောခဲ့ပါတယ်။

“ဥပဒေ စိုးမိုးရေးအတွက် ကျမတို့ ရပ်တည် ဆောင်ရွက်ပါတယ်။ ဘယ်တိုင်းပြည် ဘယ်လို လူ့အဖွဲ့အစည်းမှာ မဆို ဥပဒေစိုးမိုးမှု မရှိဘဲ လုံခြုံဘေးကင်းမှု မရှိနိုင်ဘူးလို့ ကျမတို့ ယုံကြည်ပါတယ်။ စစ်မှန်တဲ့ လုံခြုံမှု မရရင်တော့ စစ်မှန်တဲ့ လွတ်လပ်မှု မရှိနိုင်ပါဘူး။ လုံခြုံမှုမရှိတဲ့ လွတ်လပ်မှုဆိုတာဟာ ပြီးပြည့်စုံမှုမရှိပါဘူး။ လွတ်လပ်မှုတွေဖယ်ထုတ်ထားတဲ့ လုံခြုံဘေးကင်းမှုသက်သက် ဆိုတာဟာလည်း ပြီးပြည့်စုံမှုမရှိပါဘူး။ လွတ်လပ်မှုနဲ့ လုံခြုံဘေးကင်းမှုဟာ တပြိုင်နက်တည်းရှိရမယ်လို့ ကျမတို့ ယုံကြည်ထားပါတယ်။ ဒါကြောင့် ဥပဒေစိုးမိုးရေးအတွက် ကျမတို့အနေနဲ့ အခိုင်အမာရပ်တည် ဆောင်ရွက်နေပါတယ်။”

ကနေဒါနိုင်ငံ အော်တဝါမြို့က ကာလ်တန်တက္ကသိုလ်မှာ ကျောင်းသားဦးရေ၂၄,၀၀၀လောက်ရှိပြီးအဲဒီကကျောင်းသားတွေဟာ မြန်မာ့ဒီမိုကရေစီရေးကို ထောက်ခံဆောင်ရွက်ပေးလေ့ ရှိပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ လွတ်မြောက်ရေးဆိုတဲ့ ယုံကြည်ချက်အပေါ်မှာ သူမကိုယ်တိုင် လွတ်လပ်မှုကို အနစ်နာခံပေးဆပ်ပြီး ဆောင်ရွက်နေတဲ့ ရာစုနှစ်အတွင်း ထူးခြားတဲ့ ပုဂ္ဂိုလ်တဦးဖြစ်တာကြောင့် အခုလို ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ချီးမြှင့်တာဖြစ်တယ်လို့ ဆုချီးမြှင့်တဲ့ အဲဒီတက္ကသိုလ်ရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ ကနေဒါနိုင်ငံရဲ့ ဂုဏ်ထူးဆောင် နိုင်ငံသားအဖြစ်လည်း ချီးမြှင့်ခံခဲ့ ရဖူးပါတယ်။

# ကချင် လွတ်မြောက်ရေးအဖွဲ့ ပြည်သူ့စစ်ဖွဲ့စည်းရေး တပ်သားသစ်စုဆောင်း

**VOA ၊ ဖေဖေါ်ဝါရီ ၂၃ ။** ။ ကချင်ပြည် လွတ်မြောက်ရေးအဖွဲ့ (KIO) ဟာ ပြည်သူ့စစ် ဖွဲ့စည်းရေးမှာ ကချင်လူထုတရပ်လုံး ပါဝင်ပြီး တာဝန်ထမ်းဆောင်သွားဖို့အတွက် ပြောဆိုခဲ့ရာမှာ ကချင်လူထုအများစုက လက်ခံနေကြပါတယ်။ မြန်မာစစ်အစိုးရ ချမှတ်ထားတဲ့ အသက်ပြည့်သူနိုင်ငံသားတိုင်း စစ်မှုမထမ်းမနေရ ဥပဒေအရ စစ်တပ်မှာအမှုထမ်းဆောင်နေရမယ့် အတူတူ မိမိရဲ့လူမျိုးအတွက် ထမ်းဆောင်ဖို့ကိုပဲ ပိုပြီး စိတ်ဆန္ဒပြင်းပြနေကြပါတယ်။ အပြည့်အစုံကို ဗွီအိုအေ ထိုင်းအခြေစိုက် သတင်းထောက် နူးပန်က တင်ပြပေးထားပါတယ်။

တိုင်းပြည်ကို စည်းလုံးညီညွတ်စွာ ကာကွယ်နိုင်ဖို့ဆိုရာမှာ လက်နက်ကိုင် တော်လှန်ရေးအဖွဲ့ဖြစ်တဲ့ ကချင်လွတ်မြောက်ရေတပ်ဖွဲ့ (KIO) နဲ့အတူ လူထုတရပ်လုံး ပါဝင်နိုင်အောင် ပြည်သူ့စစ်ဖွဲ့စည်းရေး ဆိုတဲ့ KIA တိုက်တွန်းချက်ကို ကချင်လူထုက လက်ခံလာကြတာပါ။

ကချင်လွတ်မြောက်ရေးတပ် (KIA) စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွန်ထန်ဂမ်ရှောင်နဲ့ နယ်ဘက် အထွေထွေ အုပ်ချုပ်ရေးဌာန တာဝန်ခံ လဂျောင်ခေါင်လွဏ်းတို့က တနင်္လာနေ့ကမှ တရားဝင် ပြောဆိုခဲ့တဲ့အပေါ်မှာ အများစုက လက်ခံခဲ့တာလို့ လိုင်ဇာဒေသခံ တယောက်က အခုလို ပြောပါတယ်။

"နအဖဘက်က ပြည်သူတွေ မကြိုက်တဲ့ အစိုးရဆီမှာအမှုထမ်းမလား၊ ကိုယ့်ရဲ့အမျိုးသားပေါ်မှာပဲ အမှုထမ်းမလားဆိုပြီးတော့အပေါ်ယံသဘောပေါ့နော် အဲလိုမျိုးတော့ လမ်းခင်းပြတာပေါ့။ အဓိကအချက်တော့ လူထုတရပ်လုံးပိုပြီးတော့ ပါဝင်နိုင်အောင်၊ အားလုံးစုစုစည်းစည်းနဲ့တခါထဲ ပါဝင်နိုင်အောင် အင်အားကြီးမားတဲ့အဖွဲ့ အစည်းတခုဖြစ်အောင်ပေါ့၊ အဲဒီလိုရည်ရွယ်ပြီးတော့လုပ်တယ်လို့တော့ပြောတယ်။ အဲဒီအဖွဲ့ထဲမှာ အားလုံးပါဝင်ရမယ်ဆိုတာကိုတော်တော်များများက လက်ခံကြပါတယ်။ တကယ်လို အပ်လို့ ကချင်တမျိုးသားလုံးအတွက် လိုအပ်လို့လုပ်တယ်၊ တာဝန်ထမ်း ဆောင်တယ်ဆိုတာ တော်တော်လေးတော့ သဘောပေါက်တာတော့ရှိကြပါ တယ်။"

KIO အနေနဲ့ ပြည်သူ့စစ်တပ် ဖွဲ့စည်းရေးကို မူချမှတ်ထားခဲ့ပြီးဖြစ်ပေမဲ့ စစ်အစိုးရနဲ့ တင်းမာမှု တစတစကြီးလာပြီး နောက်ပိုင်း မနှစ်ကစပြီးမှ တပ်မဟာ ၅ ဌာနချုပ်နေရာမှာ စတင်အကောင်အထည်ဖော်လာတာလို့ KIO အရာရှိတွေက ပြောပါတယ်။

အခုလို ပြည်သူ့စစ်တပ် ဖွဲ့စည်းတာကိုလည်း ကချင်လူထုက သိပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် မသိသေးတာတွေရှိနေပြီး သဘောမတူတာတွေရှိခဲ့တဲ့အတွက် ဘယ်သူတွေက အမှုထမ်းဆောင်သင့်တယ်ဆိုတဲ့ အသေးစိတ်ကိုလည်း စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွန်ထန်ဂမ်ရှောင်က ရှင်းပြခဲ့တယ်လို့ ဆက်ပြောပါတယ်။

"ပြည်သူ့စစ် မဟာဗျူဟာ ဖော်ဆောင်ဖို့ပေါ့။ KIA အနေနဲ့ ဒေသခံပြည်သူတွေ အားလုံးပါဝင်တဲ့ တော်လှန်ရေးဖြစ်ဖို့ အဲဒီအကြောင်းကို ပိုပြီးရှင်းပြသွားတာပေါ့။ ပြည်သူတွေလည်း အားလုံးပါဝင်ရမယ်ဆိုပြီးတော့ အဓိကအဖြစ်တော့ ပြည်သူတွေအားလုံး တချို့က နားမလည်တဲ့ဟာတွေရှိတယ်။ တချို့က ကောင်းကောင်းမသိဘဲနဲ့ လုပ်နေတဲ့ဟာရှိတယ်။ အဲဒါကြောင့် ပြည်သူတွေ နားလည်သွားအောင် အသေးစိတ်ပြန်ပြီးတော့ ရှင်းပြတာပေါ့။

"ပြည်သူ့စစ် အဖွဲ့ထဲမှာတော့ အရင်တုန်းက KIA တပ်ဖွဲ့ဝင်ဟောင်းတွေ၊ ပြီးတော့ ကျန်းမာရေးကောင်းတဲ့ တပ်ဖွဲ့ဝင်ဟောင်းနဲ့ အသက်ပြည့်ပြီးတဲ့ လူငယ်ပိုင်းတွေရော KIA တပ်ဖွဲ့နဲ့အတူ ၂၄ နာရီ တာဝန်ထမ်းဆောင်နိုင်တဲ့ အဆင့်ထိပေါ့၊ တကယ်လို့အရေးကြုံလာရင် အဲလောက်ထိ ရည်ရွယ်ပြီးတော့ ဖွဲ့စည်းထားတယ်၊ သူတို့က။"

ကချင်လူထုတရပ်လုံး KIO နဲ့အတူ တိုင်းပြည် ငြိမ်းချမ်းရေးအတွက် တော်လှန်ရေးတိုက်ပွဲဝင်ဖို့ ဆိုပေမဲ့ တကယ်တမ်း တဘက်မှာတော့ စစ်အစိုးရနဲ့ မပြေလည်နေတာတွေကို နိုင်ငံရေးအရ အချင်းချင်း နာလည်မှုနဲ့ စားပွဲပေါ်မှာသာ ဆွေးနွေးလိုတာဖြစ်တယ်လို့ KIO နိုင်ငံခြားရေး ဒု-တာဝန်ခံ ဂျိမ်းစ်လွမ်းဒေါင်က ပြောပါတယ်။

"ကျနော်တို့ တိုင်းပြည်က ဖရိုဖရဲ၊ ဟိုပြောဒီပြော ဖြစ်လာတဲ့အခါမှာကျနော်တို့ကပြည်သူလူထုရဲ့စည်းလုံးညီညွတ်မှုကိုလိုအပ်မယ်ဆိုတဲ့အတွက်ကြောင့် ပြည်သူလူထုရဲ့ စည်းလုံးညီညွတ်မှု ရရှိအောင် လုပ်ခြင်းသာဖြစ်တယ်။ ပြည်သူ့စစ်ဆိုတာက ဒါကို တိုက်ပွဲဝင်ဖို့ အင်မတန်အားကိုးလို့ မဟုတ်ပါဘူး။ သွားပြီးတော့မှ တိုက်ပွဲဝင်ဖို့၊ ဘယ်သူနဲ့ တိုက်ပွဲဝင်ဖို့ကျနော်တို့ အာရုံစူးစိုက်တာ မဟုတ်ပါဘူး။ အခု KIO တွေ လက်နက်ကိုင်ခြင်းဟာ ကိုယ့်အမျိုးတွေ၊ ကိုယ့်လူမျိုးစုတွေ သော်လည်းကောင်း၊ တိုင်းပြည်က လူတွေသော်လည်းကောင်း ရသင့်ရထိုက်တဲ့ အခွင့်အရေးမရရှိလို့သာလည်း ရလိုရငြား ဆိုပြီးတော့မှ ကိုယ်ထူကိုယ်ထ လုပ်ခြင်းသာဖြစ်တယ်။ အဲဒီဟာသာ ရလိုက်တယ်ဆိုရင် ဒါတွေဟာ လုံးဝရှိတော့မှာမဟုတ်ဘူး။ ဒါက မုချပဲ။"

အခုချိန် နှစ်ဘက် တင်းမာနေဆဲ အခြေအနေအရ နိုင်ငံရေးနဲ့ လက်နက်ကိုင် တော်လှန်ရေးဟာ လူထုတော်လှန်ရေး ဖြစ်တဲ့အားလျော်စွာ ကချင်တိုင်းရင်းသားထုများအားလုံး ပြည်သူ့စစ်တပ်ဖွဲ့စည်းရေးမှာ ပါဝင်ဖို့အတွက် ဌာနချုပ်အရာရှိတွေက တိုက်တွန်းခဲ့ပါတယ်။

အခုလို မြန်မာစစ်တပ်နဲ့ အချိန်မရွေးတိုက်ပွဲဖြစ်လာနိုင်တဲ့ အခြေအနေမှာ လူငယ်များ အဓိကပါဝင်သင့်တယ်လို့လည်း ဒေသခံမိဘများက ပြောဆိုနေကြပါတယ်။ အခုလို တိုက်တွန်းချက်တွေကို KIO က ဌာနချုပ် လိုင်ဇာမြို့က တပ်ဖွဲ့ဝင်တွေအပြင် ဒေသခံ ရပ်မိရပ်ဖများ၊ လူငယ်များစုစုပေါင်း ၁,၀၀၀ ကျော်ကို ခေါ်ယူရှင်းပြတာဖြစ်ပါတယ်။

**အချုပ်အချာ အာဏာကို**
**ပြည်သူသာ ပိုင်ရမည်**

# ကြားဖြတ်ရွေးကောက်ပွဲ ပြုလုပ်ရမှာဖြစ်ပေမယ့် လုပ်ရန် မသေချာ

**DVB ၊ ဖေဖော်ဝါရီ ၂၃ ။** ။ ပြီးခဲ့တဲ့ နိုဝင်ဘာ ၇ ရက် ရွေးကောက်ပွဲကနေ ရွေးကောက် တင်မြှောက်ခံလိုက်ရတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေထဲက လစ်လပ်သွားတဲ့ ကိုယ် စား လှယ်တွေရဲ့ နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲ ပြုလုပ်ရမှာ ဖြစ်ပေမယ့် လုပ်ဖို့ မသေချာတဲ့ အခြေအနေတွေ ဖြစ်နေပါတယ်။

သမ္မတတွေအပါအဝင် အစိုးရအဖွဲ့ဝင်တွေ၊ ဝန်ကြီးအမည်စာရင်းတွေမှာ ပါ ဝင်ပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ်ကနေ နုတ်ထွက်ပြီးသားဖြစ်သွားမယ့် လွှတ် တော်ကိုယ်စားလှယ်တွေရဲ့ လစ်လပ်နေရာတွေအတွက် အစားထိုးခန့်အပ်ဖို့ ကျင်းပပြုလုပ်ရမယ့် ကြားဖြတ်ရွေးကောက်ပွဲတွေ ကျင်းပပြုလုပ်ဖို့ မသေချာဖြစ်နေတာပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေတွေထဲမှာ ကြားဖြတ်ရွေးကောက်ပွဲကျင်းပပြုလုပ်ရမယ်လို့ ဖော်ပြထားပေမယ့် ဘယ်နေ့ ဘယ်ရက်နဲ့ ဘယ်လိုနေ့ရက်မှာကျင်းပရမယ်ဆိုတာတွေ အတိအကျဖော်ပြထားတာမရှိတာကြောင့် ခုလို မသေမချာဖြစ်နေရတာလို့ လွှတ်တော်တက်နေတဲ့ အမတ်အချို့က ဆိုပါတယ်။ ဒီလို ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရေးတွေနဲ့ပတ်သက်ပြီး အမတ်တွေကြားမှ အငြင်းပွားဖွယ်ရာတွေရှိနေမယ့် လွှတ်တော်ခေါ်စကကြံ့ခိုင်ရေးပါတီရဲ့ အစည်းအဝေးတွေမှာ ဝန်ကြီးချုပ်ဦးသိန်းစိန်နဲ့ အစိုးရအဖွဲ့ဝင်တွေက ကျင်းပဖို့မလိုတဲ့ အကြောင်း ဆုံးဖြတ်ထားပြီးဖြစ်တယ်လို့ ကြံ့ခိုင်ရေးပါတီရဲ့ လွှတ်တော်ကိုယ်စားလှယ် ဇော်မှာဦးခင်ရွှေက ဆိုပါတယ်။

"ပထမကျနော်တို့ ဆုံးဖြတ်ချက်ကတော့ ရွေးကောက်ခံရတဲ့ အမတ် ဖြ၅၈ ဦးပေါ့။ အဲဒီမှာ လေးငါးဆယ်ယောက်၊ အယောက် ငါးဆယ်လောက်ထိ လျော့သွားမယ်ဆိုလည်း ဘာမှပြဿနာမရှိဘူး။ မရှိတဲ့အခါကျတော့ ပြန်ပြီးတော့ ရွေးကောက်ပွဲမလုပ်ပေးဘူးလို့ပြောပါတယ်။ အစားပြန်မထိုးဘူးလို့ ပြောပါတယ်။ သမ္မတ ပြောတာ ပိုကောင်းတယ်။ အဲတုန်းက ပြန်ကြည့်လိုက်တော့ သက်သေရှိတဲ့ အဖွဲ့အ စည်းနဲ့ပြောတာ။"

ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း ၄ ၊ ဥပဒေပြုရေးအခန်း၊ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပရေးဆိုင်ရာပုဒ်မ ၈၈ မှာဆိုရင်လည်းပြည်ထောင်စုလွှတ်တော်ဟာ လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ ပြည်ထောင်စုလွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိတယ်လို့လည်း ဖော်ပြထားပါတယ်။ ဒါပေမယ့် လွှတ်တော်အားလုံးမှာ ရွေးကောက်တင်မြှောက်ခံထားရတဲ့ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၁၁၅၄ ဦးရှိပြီး အဲဒီထဲက ကိုယ်စားလှယ် ၁၀၀ နီး ပါဟာ အစိုးရတာဝန်တွေကို ထမ်းဆောင်ဖို့ရှိနေတာကြောင့် ကိုယ်စားလှယ်အဖြစ်ကနေ နုတ်ထွက်ကြရမှာဖြစ်တဲ့အတွက် ကြားဖြတ်ရွေးကောက်ပွဲတွေကို ကော်မရှင်က ပြုလုပ်မယ့် တာဝန်လည်း ရှိနေတာ ဖြစ်ပါတယ်။

ဒါကြောင့် ကြားဖြတ်ရွေးကောက်ပွဲမှာ ကြံ့ခိုင်ရေးပါတီရဲ့အမတ်နေရာတွေကို ရယူမယ်လို့ မျှော်လင့်ထားကြတဲ့ အရပ်သား ဒီမိုကရက်တစ်ပါတီတွေအနေနဲ့ကတော့ ကြားဖြတ်ရွေးကောက်ပွဲမလုပ်ဘူးဆိုတဲ့ အစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ကြောင့် ဒီအခွင့်အရေးတွေ မရှိတော့တဲ့ အခြေအနေမျိုးတွေလည်းဖြစ်နေပါတယ်။ ဒါကြောင့် လွှတ်တော်တက်နေတဲ့ ကိုယ်စားလှယ်အချို့က ကြားဖြတ်ရွေး ကောက်ပွဲကျင်းပရေးအဆိုတွေ တင်သွင်းထားတာတွေလည်းရှိနေပါတယ်။ ဒီလိုအဆိုတင်ထားတဲ့ထဲက အမျိုးသားဒီမိုကရေစီအင်အားစုပါတီရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်က အခုလိုဆိုပါတယ်။

"ကျနော်တင်ထားတာ လွန်ခဲ့တဲ့ တပတ်ကျော်လောက်က။ အခုတင်တဲ့လူလည်း တင်နေပြီ။ အဆိုတင်တာတွေ မေးခွန်းတင်တာတွေ ရိုက်ပြီးတင်တာတွေကတော့ လက်ခံနေပါတယ်။ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးတင်ထားတယ်ပေါ့။ အဲဒါကလည်း ဦးတင်အေးစီစဥ်ရမှာပေါ့။ သူ့ရဲ့ လုပ်ပိုင်ခွင့်ထဲမှာရှိပါတယ်။ သူဘယ်နေ့ခေါ်မလဲ၊ ဘယ်လိုကျင်းပမယ်ဆိုတာ အဲဒါတွေက သူ့လုပ်ပိုင်ခွင့် ထဲမှာပါ။ ကျနော်တို့လည်း အဲဒါစောင့်ကြည့်ရမှာပေါ့။ သမ္မတကလည်း ကျမ်းသစ္စာမကျိန်ဆိုသေးတော့ တာဝန်ယူတဲ့ အစိုးရအဖွဲ့က လည်း မရှိသေးဘူး။"

ကြားဖြတ်ရွေးကောက်ပွဲတွေ လုပ်ဖို့ လွှတ်တော်တွင်း မဲခွဲဆုံးဖြတ်စရာမလိုဘဲ ကော်မရှင်ဥက္ကဋ္ဌသစ်ဖြစ်လာတဲ့ ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်အေးကသာ အဆုံးအဖြတ်ပေးမှာ ဖြစ်တယ်လို့လည်း ဦးဘုန်းမြင့်အောင်က ဆိုပါတယ်။ ဒီလို ကော်မရှင်ဥက္ကဋ္ဌသစ်လက်ထက် ကျင်းပပြုလုပ်ရမယ့် ကြားဖြတ်ရွေး ကောက်ပွဲတွေနဲ့ နောက်ရွေးကောက်ပွဲတွေမှာ နိုင်ငံရေးပါတီတွေအနေနဲ့ ပြီးခဲ့တဲ့ နိုဝင်ဘာ ၇ ရက်ကလိုပဲ ဖိနှိပ်မှုတွေ ဆက်ရှိနေဦးမှာပဲလို့ ပါတီခေါင်းဆောင် တချို့က ဆိုကြပါတယ်။ ဒီမိုကရက်တစ်ပါတီရဲ့ ဥက္ကဋ္ဌဦးသုဝေက အခုလိုပြောပါတယ်။

"ဦးတင်အေးလည်းပဲ ဟိုတုန်းကတော့ အမျိုးသားညီလာခံမှာ ပါတာတွေ့ဖူးတယ်။ ကျနော်ထင်တယ်၊ သိပ်ထူးထူးခြားခြားရှိမယ် မထင်ပါဘူး၊ အတူတူပဲနေမှာပေါ့။ ပုံမှန်အတိုင်းပဲ သွားမှာပဲလို့ထင်ရတာပေါ့" လို့ပြောပါတယ်။ အမျိုးသားဒီမိုကရေစီအင်အားစုပါတီရဲ့ အမျိုးသားလွှတ်တော်ကိုယ် စားလှယ်ဦးဘုန်းမြင့်အောင်ကတော့ ကော်မရှင်ဥက္ကဋ္ဌသစ်ရဲ့ လုပ်ဆောင်မတွေ ကို စောင့်ကြည့်ဖို့သာရှိတယ်လို့ဆိုပါတယ်။ "ပြောမယ်ဆိုရင်တော့ အရင်တုန်းက ကော်မရှင်ဥက္ကဋ္ဌနဲ့ အခုဦးတင်အေးနဲ့တော့ သူတို့ဝါအရ ဦးတင်အေးက ကြီးတာပေါ့။ အဲတော့ သူ့အနေနဲ့ ပိုပြီးတော့ လုပ်ပိုင်ခွင့် ရှိမယ်ထင်တယ်။ ဝါကြီးတဲ့လူဆိုတော့ ပိုပြီးတော့လုပ်တာကိုင်တာလည်း ကြည့်ရတာပေါ့။ အစိုးရကအမိကတော့ ပါတီ စီအီးစီ ဖွဲ့တာတွေ ပြောင်းတာတွေ၊ ပါတီကို ရပ်ထားတာတွေ၊ အကုန်လုံးက သူ့လုပ်ပိုင်ခွင့်ထဲမှာပါ။ သူဘယ်လိုလုပ်မယ် ဆိုတာ သူ့လုပ်ပိုင်ခွင့်အများကြီးဆိုတော့ ကျနော်တို့လည်း စောင့်ကြည့်ရမှာပေါ့။"

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ရဲ့ ဥက္ကဋ္ဌ ဦးအေးလွင်ကလည်း အခုလိုပြောပါတယ်။

"တကယ်ပဲဒီကော်မရှင်က ဒိုင်လူကြီးစစ်စစ်ပေါ့။ တကယ် ကြားနေတဲ့ ပုဂ္ဂိုလ်ဖြစ်ဖို့ဆိုရင် ဂုဏ်သရေရှိတဲ့ ထင်ရှားကျော်ကြားတဲ့ ဘက်မလိုက်တဲ့ ပုဂ္ဂိုလ်မျိုးပေါ့၊ အဲဒါ စစ်စစ်ဖြစ်ဖို့လိုတယ်လို့ ကျနော်တို့မြင်တယ်။ အခုဟာက ခြိမ်းခြောက်လုပ်တဲ့ သဘောမျိုးဖြစ်နေတယ်။ အဲတော့ ကျနော်တို့အနေနဲ့တော့ စိတ်မသက်မသာနဲ့ဘဲ ဒီကိစ္စကို စောင့်ကြည့်နေရမှာပေါ့။ လက်တွေ့ ဘဝမှာတော့ ဘာတွေဖြစ်လာမလဲ ဆိုတာတော့ ကာယကံမြောက် ဦးတင်အေးနဲ့ပဲ သက်ဆိုင်လိမ့်မယ်။ နောက် ဦးသိန်းစိန်အစိုးရကလည်း ဒီကော်မရှင်အပေါ်မှာ ဘယ်လောက်ထိ လွှတ်လပ်ခွင့်ပေးမလဲဆိုတာတော့ လက်တွေ့ဘဝကပဲ ဆုံးဖြတ်ပေးမှာပါ။ လက်တွေ့ဘဝမှာတော့ မဟုတ်ကြောင်း ဦးသိန်းစိန်အစိုးရက သက်သေပြဖို့လိုတာပေါ့။ ကျနော်တို့မြင်တာတော့ ဒီပုပ်ထဲက ပဲတွေပါပဲ။ ဒီပဲမျိုးပဲလာမှာပေါ့။ အဲလိုပဲ ကျနော်တို့အကြမ်းအားဖြင့် သုံးသပ်ထားတယ်။"

ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌဖြစ်လာတဲ့ ဒုတိယဗိုလ်ချုပ်ကြီးဟောင်းဦးတင်အေးဟာ အရင်ကကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးအရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ တဦးဖြစ်ကာ နအဖစစ်အစိုးရအဖွဲ့ဝင်တဦးအဖြစ်လည်း လက်ရှိအချိန်အထိ တာဝန်ထမ်းဆောင်နေဆဲဖြစ်သလို သူကိုယ်တိုင်ကြံ့ခိုင်ရေးပါတီရဲ့ အမတ်တဦးလည်းဖြစ်နေပါတယ်။ ဒါကြောင့် သူ့ရဲ့ တရားရေးရာ လုပ်သက်အတွေ့အကြုံတွေရှိရမယ်ဆိုတဲ့ ကော်မရှင်ဥက္ကဋ္ဌရဲ့ အရည်အချင်းတွေနဲ့ ကိုက်ညီမှုမရှိတာ၊ ပါတီနိုင်ငံရေး မကင်းရှင်းတာစတဲ့အချက်တွေကြောင့်လည်း ဝေဖန်မှုခံနေရတဲ့ ပုဂ္ဂိုလ်တဦးဖြစ်ပါတယ်။

# အရှေ့အလယ်ပိုင်းဒေသ အုံကြွမှုနှင့် မြန်မာနိုင်ငံအခြေအနေ ဒေါ်စုရှုမြင်သုံးသပ်

**VOA၊ဖေဖော်ဝါရီ၂၄။** ။အရှေ့အလယ်ပိုင်းနဲ့အာဖရိကမြောက်ပိုင်းမှာ လူထုဆန္ဒပြမှုတွေကို မြန်မာနိုင်ငံက လူထုတွေကလည်း နီးနီးကပ်ကပ် စောင့်ကြည့်နေကြတယ်လို့ နိုဘယ်လ် ငြိမ်းချမ်းရေးဆုရှင် မြန်မာ့ဒီမိုက ရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။ အီဂျစ်နဲ့ တူနီးရှား နိုင်ငံတွေမှာ အနည်းနဲ့အများဆိုသလို ငြိမ်းချမ်းတယ်လို့ ဆိုရမယ့် ဆန္ဒပြမှုတွေကတဆင့် အစိုးရတွေကို ဖြုတ်ချနိုင်ခဲ့တာဖြစ် ပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီး ဗွီအိုအေသတင်းထောက် Luke Hunt မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ကနေ သတင်းပေးပို့ထားတာ ကို ဒေါ်လှလှသန်းက တင်ပြပေးထားပါတယ်။

အခုတလော နိုင်ငံတကာသတင်းတွေမှာ ထိပ်ကပြေးနေတဲ့ အရှေ့အလယ်ပိုင်းနဲ့ အာဖရိက မြောက်ပိုင်းရှိ ဒီမိုကရေစီရေးလှုပ်ရှား ဆန္ဒပြမှုတွေကို မြန်မာနိုင်ငံသားတွေအနေနဲ့ လက်လှမ်းမီအောင် မြန်မာစစ်အစိုးရက နိုင်ငံတွင်းမှာ ဟန့်တားဖို့ ကြိုးစားပေမဲ့လည်းသိပ် အောင်မြင်မှုမရရှိတာတွေ့ရတယ်လို့ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောခဲ့ပါတယ်။ ရန်ကုန်ကနေတယ်လီဖုန်း ကတဆင့် ကွာလာလမ်ပူရှိ နိုင်ငံခြားသတင်းထောက်တွေနဲ့ ဆက်သွယ် မေးမြန်းခန်းမှာ ဒေါ်အောင်ဆန်းစုကြည်က အခုလို ပြောကြားလိုက်တာ ဖြစ်ပါတယ်။

တူနီးရှားနဲ့ အီဂျစ်မှာ အစိုးရတွေကို ဖြုတ်ချနိုင်ခဲ့တဲ့ ဆန္ဒပြမှု တွေအပြင် လစ်ဗျားခေါင်းဆောင် မိုမာ ကဒါဖီ (Moammar Gadhafi) ကို ထောက်ခံသူတွေနဲ့ အစိုးရဆန့်ကျင်သူတွေကြား ထိပ်တိုက်ရင် ဆိုင်မှုတွေကို မြန်မာနိုင်ငံသားတွေအနေနဲ့ နီးနီးကပ်ကပ်စောင့်ကြည့် နေကြတာဖြစ်တယ်လို့ အသက် ၆၅ နှစ်အရွယ် နိုဘယ်လ်ငြိမ်းချမ်းရေး ဆုရှင်က ပြောပါတယ်။

"မြန်မာပြည်သူလူထုက ၁၉၈၈ ခုနှစ်မှာ ဖြစ်ပျက်ခဲ့တဲ့ ဖြစ်ရပ် တွေနဲ့ယှဉ်ကြည့်ကြရာမှာ တူနီးရှားနဲ့အီဂျစ်မှာ စစ်တပ်က သူတို့ ပြည် သူတွေအပေါ် ပစ်ခတ်ခဲ့ခြင်း မပြုတဲ့အချက်ကို သတိထားမိကြသလို လစ်ဗျားနိုင်ငံမှာတော့ အခြေအနေက အဲဒီလို မဟုတ်ဘူးဆိုတာကို လည်း သတိထားမိကြပါတယ်။ တူနီးရှားနဲ့ အီဂျစ် နိုင်ငံထက်စာရင်လစ် ဗျားမှာ အခြေအနေကပိုရှုပ်ထွေး၊ ပိုဆိုးဝါးတာကို မြင်ရပါတယ်။ အထူး သဖြင့် အီဂျစ်နိုင်ငံမှာ အာဏာရှင်ကို ဖြုတ်ချနိုင်ခဲ့တဲ့အတွက် လူတွေ က သိပ်ကို သဘောကျပြီး စိတ်ဝင်တစားနဲ့ အခြေအနေတွေကို စောင့် ကြည့်နေကြတာ ဖြစ်ပါတယ်။"

မြန်မာနိုင်ငံမှာ ရှစ်လေးလုံးအရေးတော်ပုံလို့ ခေါ်တဲ့ ၁၉၈၈ ခုနှစ်က ကျောင်းသားတွေဦးဆောင်တဲ့ ဒီမိုကရေစီရေးလိုလားဆန္ဒပြ မှုတွေကို မြန်မာစစ်တပ်က သွေးထွက်သံယို နှိမ်နင်းခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါ တီဟာ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှာ အပြတ်အသတ်အနိုင်ရရှိခဲ့ပေမဲ့ လည်း မြန်မာစစ်အစိုးရက အာဏာလွှဲပြောင်းပေးဖို့ ငြင်းဆိုခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ကတော့မြန်မာနိုင်ငံဒီမိုကရေစီ ရရှိရေး ကြိုးပမ်းမှုအတွက် ပြီးခဲ့တဲ့ နှစ် ၂၀ ကျော်အတွင်း စုစုပေါင်း ၃ ကြိမ်တိုင်အောင် ၁၅ နှစ်နီးပါး နေအိမ်အကျယ်ချုပ် ကျခံနေရတာလည်း ဖြစ်ပါတယ်။ သူမကို ၂၀၁၀ နိုဝင်ဘာလ ၇ ရက်နေ့ ရွေးကောက်ပွဲများ ကျင်းပအပြီး နိုဝင်ဘာလ ၁၃ ရက်နေ့က ပြန်လွှတ်ပေးလိုက်တာဖြစ် ပါတယ်။ အဲဒီ ရွေးကောက်ပွဲများဟာ ဒီမိုကရေစီနည်း မကျဘဲမြန်မာ စစ်ခေါင်းဆောင် အာဏာတည်မြဲရေးအတွက် ပိုပြီး အခြေခိုင်စေတယ် လို့ နိုင်ငံတကာက ဝေဖန်ခဲ့တာလည်း ဖြစ်ပါတယ်။

မြန်မာစစ်အစိုးရ အဆက်ဆက်က နှစ် ၄၀ ကျော် အုပ်ချုပ်မှုအ တွင်းမှာ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးပြဿနာ ပေါင်းစုံတို့ကြောင့် လူထုက လမ်းမတွေပေါ်မှာထွက်ပြီး ဆန္ဒပြမှုတွေ ရှိခဲ့ရာမှာ ၂၀၀၇ ခုနှစ် ရွှေဝါရောင် တော်လှန်ရေးအတွင်းလည်း ငြိမ်းချမ်းစွာ မေတ္တာပို့လှည့် လည် ဆန္ဒပြခဲ့ကြတဲ့သံဃာတော်များကိုလည်း မြန်မာစစ်တပ်က ရက် ရက်စက်စက် ရိုက်နှက်ပစ်ခတ် ဖမ်းဆီးထောင်ချခဲ့တာတွေ ရှိခဲ့ပါ တယ်။

အီဂျစ်နဲ့တူနီးရှားရှိ အာဏာရှင် အစိုးရတွေအောက်မှာ နေထိုင် ကြရသူတွေနဲ့ အတိဒုက္ခရောက်နေတဲ့ မြန်မာနိုင်ငံသားတွေကြား အ တွေ့အကြုံကွာခြားမှုကတော့မြန်မာစစ်တပ်ကပြည်သူတွေအပေါ်ရက် ရက်စက်စက် ပစ်ခတ်မှုနဲ့ လစ်ဗျားမှာတော့ ပြည်သူတွေအပေါ်နှိမ်နင်း ရာမှာ စစ်တပ်အနေနဲ့ စိတ်ဝမ်းကွဲမှုရှိတဲ့အချက်ဖြစ်တယ်လို့ လည်း ဒေါ်အောင်ဆန်းစုကြည်က အခုလိုထောက်ပြခဲ့ပါတယ်။

"သိတဲ့အတိုင်းပါပဲ၊မြန်မာနိုင်ငံမှာလည်းပြည်သူလူထုကဆန္ဒပြ တောင်းဆိုခဲ့ကြပါတယ်။ အဲဒီ ဆန္ဒပြမှုတွေအတွင်းမှာ စစ်တပ်က ပြည် သူလူထုကို ပစ်ခတ်ခဲ့ပါတယ်။ ဒါဟာ အဓိကကွာခြားချက်ပဲလို့ ကျမ ထင်ပါတယ်။ လစ်ဗျားနိုင်ငံက အခြေအနေကတော့ စစ်တပ်ကိုယ်တိုင် က အခြေအနေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းရမလဲဆိုတာနဲ့ပတ်သက် ပြီး စိတ်ဝမ်းကွဲနေကြပုံ ရပါတယ်။ မြန်မာနိုင်ငံမှာတော့ စစ်တပ်ရဲ့ မူဝါဒ ပေါ်လစီတွေနဲ့ ပတ်သက်ပြီး သိသာထင်ရှားတဲ့ စိတ်ဝမ်းကွဲမှုတွေ မရှိ ဘူးလို့ ကျမယူဆပါတယ်။"

ဒါပေမဲ့ အီဂျစ်၊ တူနီးရှား၊ လစ်ဗျား အစရှိတဲ့ နိုင်ငံတွေမှာ ဒီမိုက ရေစီရေး တောင်းဆိုဆန္ဒပြမှုတွေကို အောင်အောင်မြင်မြင်စည်းရုံး နိုင်ခဲ့ပြီး အစိုးရရဲ့ ကြားဝင်စွက်ဖက်မှုကို ရှောင်နိုင်ခဲ့တဲ့ ၂၁ ရာစုရဲ့သိ ပ္ပံနည်းပညာတိုးတက်မှုကိုတော့ မြန်မာနိုင်ငံ အနေနဲ့ရှောင်လွှဲလို့ရနိုင် မှာမဟုတ်ဘူးလို့လည်း ဒေါ်အောင်ဆန်းစုကြည်က ပြောခဲ့ပါတယ်။

ဒါကြောင့်လည်း Facebook နဲ့ Twitter တို့လို အင်တာနက် ကွန်ရက်တွေကတဆင့် ဆက်သွယ်နိုင်ဖို့လည်း အစီအစဉ်ရှိပြီး အခု လို ပြည်တွင်းရော ပြည်ပကပါ ကြိုးပမ်းအားထုတ်မှုတွေကြောင့် အမျိုး သားပြန်လည် ရင်ကြားစေ့ရေးဆွေးနွေးပွဲဆီကို မြန်မာအစိုးရအနေနဲ့ ရောက်လာအောင် ဖိအားပေးနိုင်လိမ့်မယ်လို့လည်း သူမအနေနဲ့မျှော် လင့်တဲ့အကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောခဲ့ပါတယ်။

# ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံမှ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုအားနည်း

**VOA । ဖေဖော်ဝါရီ ၂၁ ။** ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ လူ့အခွင့်အရေး အာမခံချက်အခိုင်အမာ ပေးထားမှုမရှိတာကြောင့် လာမယ့် အစိုးရသစ်အောက်မှာလည်း အရင်လိုပဲ အများပြည်သူလူထုရဲ့လူ့အခွင့်အရေးကို နိုင်ငံတော်က ကာကွယ်စောင့်ရှောက်နိုင်မယ့် အခြေအနေမရှိဘူးလို့ ဒေသတွင်း ဥပဒေရေးရာအဖွဲ့တဖွဲ့က ပြောလိုက်ပါတယ်။ ဒါပေမဲ့လည်း ဖွဲ့စည်းပုံသစ်အရ လူ့အခွင့်အရေးတိုးတက်မှုတွေရှိလာမယ်လို့ မြန်မာအစိုးရက ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကို မမှန်မကန်တင်ပြခဲ့တယ်လို့ အဲဒီအဖွဲ့က ဝေဖန်ထားပါတယ်။ အပြည့်အစုံကို ကိုသားညွန့်ဦးက တင်ပြပေးထားပါတယ်။

ပြီးခဲ့တဲ့ လူ့အခွင့်အရေးကောင်စီကို တက်ရောက်ခဲ့တဲ့ နိုင်ငံအတော်များများဟာ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံသစ်အရ လာမယ့် အခြေအနေမှာ လူ့အခွင့်အရေးတိုးတက်လာနိုင်တယ်လို့ ယူဆနေတာရှိတာကြောင့် ALRC အာရှ ဥပဒေရေးရာအဖွဲ့ကနေပြီးတော့ လူ့အခွင့်အရေးကောင်စီနဲ့ အဖွဲ့ဝင်နိုင်ငံတွေကို ရှင်းလင်းချက် စာတစောင်ပေးပို့ခဲ့တာလို့ သိရပါတယ်။

လက်ရှိ ဖွဲ့စည်းပုံအောက်မှာ လူ့အခွင့်အရေး ရပိုင်ခွင့်တွေကို ဖော်ပြရေးသားထားပေမဲ့ ဘယ်လိုလက်တွေ့ လုပ်ဆောင်နိုင်တယ်၊ ဒီအခွင့်အရေးတွေကို ဘယ်လို အကာအကွယ်ပေးမယ်ဆိုတာတွေကို အသေးစိတ် မဖော်ပြတဲ့အပြင် သတ်မှတ် အခြေအနေတွေမှာ ဒီအခြေခံအခွင့်အရေးတွေကို နိုင်ငံတော်က အချိန်မရွေး ရုပ်သိမ်းနိုင်တဲ့ အခွင့်အာဏာတွေပါ ပေးထားတယ်လို့ အဲဒီစာမှာ ဖော်ပြပါတယ်။

ပြီးခဲ့တဲ့လ လူ့အခွင့်အရေးကောင်စီမှာ ကျင်းပခဲ့တဲ့ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ ဆွေးနွေးပွဲ UPR အစည်းအဝေးအတွင်း မြန်မာကိုယ်စားလှယ်ခေါင်းဆောင် ဦးထွန်းရှင်က အခုရှိတဲ့ ဖွဲ့စည်းပုံအရ လူ့အခွင့်အရေးအာမခံချက်တွေ ပေးထားခဲ့တယ်လို့ ပြောသွားခဲ့ပါတယ်။

"၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံထဲမှာ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ဖို့အပိုင်းအဖြတ်ကို အပိုဒ်တခုလုံးအနေနဲ့ ဖော်ပြထားပါတယ်။ ဒါကြောင့် ဒီဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာ နိုင်ငံသားအားလုံးအတွက် လူ့အခွင့်အရေးတွေ ပေးထားပါတယ်။ တခြားနိုင်ငံတွေမှာပေးထားတဲ့နိုင်ငံသားအခွင့်အရေးတွေအတိုင်း အပိုဒ် ၈ မှာ အခြေခံလူ့အခွင့်အရေးတွေကိုဖော်ပြထားပါတယ်။ လူ့အခွင့်အရေးချိုးဖောက်တာရှိရင် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်နိုင်မယ့် အချက်တွေကိုလည်း ထည့်သွင်းထားပါတယ်။"

အခွင့်အရေးအတွက် ပြည်ထောင်စုလွှတ်တော်ချုပ်ထံလျှောက်ထားနိုင်သလို ပြည်ထောင်စုလွှတ်တော်ချုပ်ကလည်း စာချွန်တော်အမိန့်တွေကို သင့်လျော်သလို ထုတ်ပေးရမယ်လို့ ၂၀၀၈ ဖွဲ့စည်းပုံမှာ ဖော်ပြပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံ တရားရေးမှာ စာချွန်တော်အမိန့် အလေ့အထ မရှိသလို ဒီအပေါ် နားလည်မှုလည်း အားနည်းတယ်လို့ ALRC က ထောက်ပြပါတယ်။

အဲဒီ ပြဋ္ဌာန်းထားတဲ့ လူ့အခွင့်အရေးတွေကို သတ်မှတ်ထားတဲ့ တည်ဆဲဥပဒေပြဋ္ဌာန်းချက်တွေနဲ့အညီဖြစ်စေရမယ်လို့ဆိုထားသလိုပဲ ဒီအခွင့်အရေးတွေကို ဘယ်လို အကောင်အထည်ဖော်မယ်၊ အခွင့်အရေးတွေထိပါးလာရင် ဘယ်လိုအရေးယူမယ်ဆိုတာမျိုးကို တိတိကျကျ ခိုင်ခိုင်မာမာ ဖော်ပြချက်မရှိဘူးလို့ ALRC က မြန်မာရှေ့နေ ဦးမင်း လွင်ဦးက ထောက်ပြပါတယ်။

"အာဏာပိုင်တွေအနေနဲ့ ဥပဒေအရ အရေးယူနိုင်တဲ့ ကိစ္စရပ်မျိုးတွေဆိုရင် ယူနိုင်တယ်။ ဥပမာ အရေးပေါ် စီမံမှုအက်ဥပဒေအရသော်လည်းကောင်း၊ ဒါမှမဟုတ် မာရှယ်လော ဥပဒေအရသော်လည်း ကောင်း၊ လူ ၅ ဦးထက် ပိုမစုရဘူးဆိုတဲ့ ဥပဒေတွေအရ သော်လည်း ကောင်း ပေါ်ပေါက်လာမယ်ဆိုရင် ဒီလူ့အခွင့်အရေးတွေကို သူတို့ ပြန်လည်ရုပ်သိမ်းနိုင်တဲ့ အခြေအနေဖြစ်တယ်။ ဒါကြောင့် အလုံးစုံ ခွင့်ပြုထားတဲ့ လူ့အခွင့်အရေးတွေ မပါရှိဘူးလို့ ကျနော်တို့က ဆိုလိုခြင်းဖြစ်ပါတယ်။"

လူ့အခွင့်အရေးကောင်စီမှာ မြန်မာအာဏာပိုင်တွေကတင်ပြတဲ့အထဲမှာ မြန်မာနိုင်ငံထဲမှာ ဖြစ်ပျက်ခဲ့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကိုတိုင်ကြားနိုင်တဲ့စနစ်၊ Complain Mechanism ရှိပါတယ်၊ သူတို့ထားပါတယ်၊ လက်ခံရရှိပါတယ်လို့လည်း ပြောပါတယ်။ တကယ်တမ်း ၂၀၀၈ ဖွဲ့စည်းပုံမှာရော အဲဒီလို Complain Mechanism ပေါ့၊ လူ့အခွင့်အရေးချိုးဖောက်ခံရတဲ့ သူတွေက ပြန်လည်တိုင်ကြားနိုင်တဲ့ စနစ်ကို ဘယ်လောက်အထိ ခွင့်ပြုထားလဲခင်ဗျ။

"ပြည်ထဲရေးဝန်ကြီးမောင်ဦး လက်ထက်မှာ လူ့အခွင့်အရေးအဖွဲ့ဖွဲ့စည်းတယ်။ အဲဒီအဖွဲ့ကို တိုင်ကြားနိုင်တယ်လို့ ကြားရပေမဲ့လည်း အရေးယူဆောင်ရွက်တာတွေ တစုံတရာမှမတွေ့ရဘူး။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီကိုတင်ဖို့အတွက် အစီရင်ခံစာ ရေးသားတဲ့အခါမှာတောင် ဌာနပေါင်း ၉ ခုက လူတွေနဲ့ အချိန် ၆ လကျော် ယူပြီးမှ ရေးသားတယ်လို့ ကျနော်တို့ သိရတယ်။ လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့ Mechanism ကတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေထဲမှာ တိတိကျကျ ဖော်ပြထားတာ မရှိပါဘူး။

"ဒီ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို အရေးယူတာတွေရှိတယ်ဆိုပေမဲ့လည်း ထိရောက်တဲ့အရေးယူမှု ဘယ်လိုမျိုးဆောင်ရွက်ခဲ့တယ်ဆိုတာတွေကို သူတို့ဖော်ပြထားတာမရှိဘူး။ သတင်းစာတွေထဲမှာ တွေ့ရတဲ့ကိစ္စရပ်တွေမှာ ကလေးစစ်သားစုဆောင်းတဲ့အခါမှာ အရေးယူလိုက်တယ်၊ ဘယ်နှစ်ဦးကို အရေးယူတယ်။ ဘယ်လိုအရေးယူတယ် ဆိုတာကို ကျနော်တို့ မသိရပါဘူး။ တပ်က ထုတ်ပယ်တာလား၊ ဒါမှမဟုတ် ထောင်ချပြီးတော့ ပြစ်ဒဏ်ပေးလိုက်တာလား။ ဒါတွေကို ဖော်ပြထားတာ မရှိပါဘူး။"

အရင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံမှာလည်း လူ့အခွင့်အရေးပြဋ္ဌာန်းချက်တွေ ပါပေမဲ့ တကယ်တမ်းတည်ဆဲဥပဒေတွေ၊ ငြိမ်ဝပ်ပိပြားမှု ဥပဒေတွေက အဲဒီ လူ့အခွင့်အရေးရပိုင်ခွင့်တွေကို လွှမ်းမိုးသြဇာသက်ရောက်ခဲ့ပါတယ်။ဒါကြောင့်လည်း အခု အခန်း ၈ မှာ ပြဋ္ဌာန်းထားတယ်ဆိုတဲ့ နိုင်ငံသား အခွင့်အရေးတွေဟာလည်း ဖော်ပြချက် သက်သက်သာ ဖြစ်ပြီးတော့ အခြေခံလူ့အခွင့်အရေးတွေဟာ လုံခြုံရေးဥပဒေအောက်မှာ ချိုးဖောက်ခံနေရဦးမှာပဲဖြစ်တယ်လို့ ပြည်ပရောက် ဥပဒေပညာရှင်တွေက ယူဆကြပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်ကို ကနေဒါတက္ကသိုလ် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ချီးမြှင့်

**VOA ། ဖေဖော်ဝါရီ ၂၂ ။** ။ ကနေဒါနိုင်ငံ အော်တဝါမြို့မှာရှိတဲ့ Carletonတက္ကသိုလ်က မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို ဒီကနေ့ ဖေဖော်ဝါရီလ ၂၂ ရက် နေ့မှာ ဂုဏ် ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ဖို့ရှိပါတယ်။ ဒေါ်အောင် ဆန်းစု ကြည်ဟာ ယုံကြည်ချက်တခုအတွက် ကိုယ်ကျိုးစွန့် တိုက်ပွဲဝင်နေတဲ့သူ၊ တကယ့်ကို ထူးခြားတဲ့ ပုဂ္ဂိုလ်တဦးဖြစ်တဲ့အတွက် အခုလို ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ဂုဏ်ပြုတာဖြစ်တယ်လို့ ကာလီတန် တက္ကသိုလ်ရဲ့ အဓိပတိ Dr. Roseann O’Reilly Runte က ပြောပါတယ်။ အပြည့်အစုံကို မခင်ဖြူထွေးက တင်ပြပေးထားပါတယ်။

ဒီနေ့ ဖေဖော်ဝါရီလ ၂၂ ရက် ကနေဒါ စံတော်ချိန် နေ့လယ် ၁၂ နာရီမှာ ကာလီတန်တက္ကသိုလ်ရဲ့ Kailash Mital ခန်းမမှာ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်မှာ ဖြစ်ပါတယ်။ အခုလို ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ဖို့ တက္ကသိုလ်တခုလုံးက ဆုံးဖြတ်ခဲ့တာနဲ့ ပတ်သက်လို့တော့ ကာလီတန်တက္ကသိုလ်ရဲ့ အဓိပတိ Dr. Roseann O.Reilly Runte က အခုလို ပြောပြပါတယ်။

“ဒေါ်အောင်ဆန်းစုကြည်ဟာ သူမရဲ့ ယုံကြည်ချက်အတွက်၊ လွတ်လပ်ခွင့်အတွက် တိုက်ပွဲဝင်နေတဲ့သူပါ။ စိတ်ထဲပေါ်လာမှသတ္တိမွေးပြီး လုပ်တဲ့သူမျိုးမဟုတ်ပါဘူး။ အရာရာကို သေချာစဥ်းစား သုံးသပ်ပြီးမှ စိတ်ရှည်သည်းခံမှု အပြည့်နဲ့သန္နိဋ္ဌာန် ခိုင်ခိုင်မာမာချပြီး လုပ်သင့်တာကို လုပ်နေသူပါ။ သူ့ရဲ့ ယုံကြည်ချက်ကြောင့်ပဲ မိသားစု၊မိတ်ဆွေသင်္ဂဟတွေနဲ့ နေရတဲ့အချိန် မရှိဘဲ နှစ်ပေါင်းများစွာ တယောက်တည်း အကျယ်ချုပ်ချခံခဲ့ရသူလည်း ဖြစ်ပါတယ်။ သူ့ဘဝရဲ့ အရာရာကို ပေးဆပ်ထားသူပါ။

“ဒါကြောင့် ကျမတို့ ရှင်သန်နေတဲ့ ဒီရာစုနှစ်အတွင်းမှာတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ ဘယ်သူနဲ့မှမတူ ထူးခြားလှတဲ့ ပုဂ္ဂိုလ်တယောက်ပါ။ ဆုံးဖြတ်ချက်ခိုင်မာပြီး ရဲစွမ်းသတ္တိရှိတဲ့ အမျိုးသမီးတဦးပါ။ အကြမ်းမဖက်တဲ့ နည်းလမ်းတွေနဲ့ ဂုဏ်သိက္ခာရှိရှိတိုက်ပွဲဝင်နေသူဖြစ်ပါတယ်။ ကျမတို့အားလုံးအတွက် သတ္တိ ခွန်အားတွေနဲ့ ငြိမ်းချမ်းခြင်းရဲ့ အလှတရားတွေကို ဦးဆောင်လမ်းပြနေသူလို့ ဆိုရမှာပါ။”

ဒီလို ဒေါ်အောင်ဆန်းစုကြည်ရဲ့ မြန်မာနိုင်ငံ ဒီမိုကရေစီရေးအတွက်ကိုယ်ကျိုးမဖက်လုပ်ရပ်တွေကြောင့်အခုလိုဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ရတာ ဖြစ်သလို ဒီလိုချီးမြှင့်ဂုဏ်ပြုခွင့် ရတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူရတယ်လို့ ကာလီတန် တက္ကသိုလ်အဓိပတိက ပြောခဲ့ပါသေးတယ်။

“ဒေါ်အောင်ဆန်းစုကြည်ဟာ ကမ္ဘာတဝန်းမှာရှိတဲ့ ကျောင်းသူကျောင်းသားတွေ၊ တက္ကသိုလ်ဝန်ထမ်းတွေ အားလုံးအတွက် အားကျဂုဏ်ယူစရာ ပုဂ္ဂိုလ်တဦးပါ။ သူ့ရဲ့ ရဲစွမ်းသတ္တိ၊ ငြိမ်းချမ်းတဲ့ စိတ်ခွန်အားတွေနဲ့အတူ ဆက်လက်ပြီး အောင်အောင်မြင်မြင် တိုက်ပွဲဝင်သွားနိုင်ဖို့လည်း ကျမမျှော်လင့်ပါတယ်။”

ကာလီတန်တက္ကသိုလ်ရဲ့ အဓိပတိ Dr. Roseann O.Reilly Runte ပြောသွားခဲ့တာပါ။

ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်တဲ့ အခမ်းအနားကို ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် တက်ရောက်နိုင်ခြင်း မရှိတဲ့အတွက် သူမကိုယ်စား နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းတွေမှာ နှစ်မြှုပ်လုပ်ကိုင်နေတဲ့၊ ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း ကိုယ်တိုင်တွေ့ဆုံစကားပြောခဲ့ဖူးတဲ့ ကွန်ဆာဗေးတစ်ပါတီက လွှတ်တော်အမတ်ဟောင်းလည်းဖြစ်၊ နိုင်ငံခြားရေးဝန်ကြီးဟောင်းလည်းဖြစ်တဲ့ ဖလော်ရာ မက်ဒေါ်နယ် (Flora MacDonald) က ဂုဏ်ပြုမိန့်ခွန်းနဲ့အတူ ဆုကို လက်ခံပေးမှာဖြစ်တယ်လို့လည်း သူက ပြောပြပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာသူ့ရဲ့ ဒီမိုကရေစီရေး လှုပ်ရှားမှုတွေနဲ့ ကိုယ်ကျိုးစွန့် အနစ်နာခံမှုတွေကြောင့် ၁၉၉၃ ခုနှစ်မှာ ကနေဒါနိုင်ငံတိုရွန်တို (Toronto) တက္ကသိုလ်က ချီးမြှင့်တဲ့ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့၊ ၁၉၉၅ ခုနှစ်မှာ ကွင်းစ် (Queens) တက္ကသိုလ်က ချီးမြှင့် တဲ့ ဂုဏ်ထူးဆောင်ဘွဲ့နဲ့ ၁၉၉၅ ခုနှစ်မှာပဲ ဆိုင်မွန်ဖရာစာ (Simon Fraser) တက္ကသိုလ်ကချီးမြှင့်တဲ့ ဂန္ထီဆုတွေအပါအဝင် ကနေဒါနိုင်ငံက ချီးမြှင့်တဲ့ဂုဏ်ထူးဆောင်ဘွဲ့များစွာကို ရရှိထားသူပါ။ ၂၀၀၇ ခုနှစ်ကတော့ ကနေဒါနိုင်ငံရဲ့ ဂုဏ်ထူးဆောင်နိုင်ငံသားဆုကို ချီးမြှင့်ခံခဲ့ရတာဖြစ်ပါတယ်။

ဒါ့အပြင် ၁၉၉၁ ခုနှစ်က နိုဘဲလ်ငြိမ်းချမ်းရေးဆု အပါအဝင် လွတ်လပ်စွာတွေးခေါ်မှုဆိုင်ရာ Sakharov ဆု၊ Rafto လူ့အခွင့်အရေးဆု၊ အမေရိကန်ပြည်ထောင်စုမှာ အရပ်သူ အရပ်သားတွေကို ပေးအပ်တဲ့ အမြင့်ဆုံးဆုဖြစ်တဲ့ လွတ်မြောက်ရေးဆု၊ Jawaharlal Nehru ဆု စတဲ့ နိုင်ငံတကာက ချီးမြှင့်တဲ့ ဆုပေါင်းများစွာ ရရှိထားသူဖြစ်ပါတယ်။

---

# ဒေါ်စုကို အမေရိကန်သံမှူးကြီးတွေဆုံ

**VOA ། ဖေဖော်ဝါရီ ၂၃ ။** ။ မြန်မာနိုင်ငံအတွက် အကူအညီအထောက်အပံ့တွေ ပေးအပ်ရေး အမေရိကန်ပြည်ထောင်စုက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင်သက်ဆိုင်သူတွေနဲ့ဆွေးနွေးနေတယ်လို့ ရန်ကုန်အခြေစိုက် အမေရိကန်သံရုံးတာဝန်ခံ သံအမတ်ကြီးလယ်ရီဒင်းဂါး (Larry Dinger) က ပြောဆိုလိုက်ပါတယ်။

မြန်မာစစ်အစိုးရတာဝန်ရှိသူတွေ၊ တခြားသူတွေနဲ့လည်း အကူအညီပေးရေးကိစ္စဆွေးနွေးနေတဲ့အကြောင်း သံအမတ်ကြီးကို ကိုးကားပြီး ရန်ကုန်ကလာတဲ့ AP သတင်းတပုဒ်က ဖော်ပြခဲ့တာပါ။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ သံအမတ်ကြီးတို့ ဒီတပတ်ထဲ ရန်ကုန်မြို့မှာ တနာရီခွဲလောက်တွေ့ဆုံဆွေးနွေးမှုတွေရှိခဲ့ပြီး အမေရိကန်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ မူဝါဒတွေ ချမှတ်နိုင်ဖို့ အခုလိုတွေ့ဆုံမှုတွေ လုပ်ဆောင်နေတာလို့ သံအမတ်ကြီးက ပြောဆိုတဲ့အကြောင်း သတင်းက ဖော်ပြခဲ့တာ ဖြစ်ပါတယ်။

# လွှတ်တော်ပြင်ပမှလည်း နိုင်ငံရေးရှိကြောင်း ဒေါ်အောင်ဆန်းစုကြည် ပြောဆို

**RFA ၊ ဖေဖော်ဝါရီ ၂၄ ။** ။ နိုင်ငံရေးလုပ်တဲ့အခါမှာ လွှတ်တော်တွင်းနိုင်ငံရေးရှိသလို လွှတ်တော်ပြင်ပမှာလည်းနိုင်ငံရေးရှိရမှာ ဖြစ်တဲ့အတွက် NLD အဖွဲ့ချုပ်ဟာ ဒီနေ့ကာလမှာ လွှတ်တော်ပြင်ပ နိုင်ငံရေးလုပ်ဆောင်နေတာဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်ပါတယ်။

ဒီကနေ့မနက်မှာ ရန်ကုန်မြို့အခြေစိုက် မြန်မာအီးဂရက်စ် အဖွဲ့ဝင် တွေနဲ့တွေ့ဆုံစဉ်မှာ ဒေါ်အောင်ဆန်းစုကြည်က အခုလိုပြောကြားလိုက်တာဖြစ်ပါတယ်။ မြန်မာအီးဂရက်စ်အဖွဲ့ဝင်တွေက အခုချိန်မှာ လွှတ်တော်ပေါ်လာတဲ့အပြင် အစိုးရအဖွဲ့လည်းပေါ်လာပြီဖြစ် ကြောင်း ပြောဆိုဆွေးနွေးတယ်လို့ဆိုပါတယ်။ အဲဒီဆွေးနွေးချက်တွေအပေါ်မှာ ဒေါ်အောင်ဆန်းစုကြည်က ပြန်လည်ရှင်းပြလိုက်တလို့ အထွေထွေအတွင်းရေးမှူးရဲ့ရုံးအဖွဲ့မှူး ဦးဝင်းထိန်က RFA ကိုပြောပါတယ်။

"ဒေါ်စုရှင်းပြလိုက်တာကတော့ နိုင်ငံရေးမှာ လွှတ်တော်ထဲမှာ အတိုက်အခံအပြင်ကို လွှတ်တော်ပြင်ပမှာ နိုင်ငံရေးရှိသင့်တယ်၊ရှိလည်းရှိရမယ်။ ဒေါ်အောင်ဆန်းစုကြည်လုပ်နေတဲ့ဥစ္စာကလွှတ်တော်ပြင်ပနိုင်ငံရေးလှုပ်ရှားမှုလုပ်နေတာ။ နောက်တခုက နိုင်ငံရေးသမားမှန်လို့ရှိရင် တပ်မတော်သားပဲဖြစ်ဖြစ်၊ ဘာပါတီကမဆို ပြည်သူလူထုကို မလှည့်ဖြားရဘူး၊ ရိုးသားဖြောင့်မတ်ရမယ်၊ အဲဒီ ရိုးသား ဖြောင့်မတ်တဲ့ ပေတံနဲ့ပဲတိုင်းရမယ်ဆိုပြီး သူတို့ကိုရှင်းပြလိုက်တာပေ့ါ။ တော်တော်များများကတော့ ဘဝင်ကျသွားကြပါတယ်။"

ဒေါ်အောင်ဆန်းစုကြည်ကိုသွားရောက်တွေ့ဆုံတဲ့ အီးဂရက် စ် အဖွဲ့မှာ သင်တန်းဆရာတဦးအပါအဝင် သင်တန်းသူသင်တန်းသားတွေနဲ့ စုစုပေါင်း ၁၁ ဦးလောက်ပါဝင်ပါတယ်။ သူတို့ကို အန်အယ်ဒီဌာနချုပ်ရုံးခန်းမှာ လက်ခံတွေ့ဆုံခဲ့တယ်လို့ အန်အယ်ဒီပြန်ကြားရေးအဖွဲ့ဝင် ဦးအုန်းကြိုင်က RFA ကိုပြောပြပါတယ်။

"ဒီနေ့ အထွေထွေအတွင်းရေးမှူးက မနက် ၁၁ နာရီမှာ မြန်မာအီးဂရက်စ်သင်တန်းက သင်တန်းသားသင်တန်းသူ ၁၁ ယောက်၊ နောက် ပြည်တွင်းကဆရာတယောက် အဖွဲ့ချုပ်ရုံးမှာရှိတဲ့ သူ့ရဲ့ရုံးခန်း မှာပဲလက်ခံပြီးတော့တွေ့ဆုံပါတယ်။ တနာရီလောက်ကြာပါတယ်။ တက်ရောက်လာတဲ့ကလေးတွေက အဲလွှတ်တော်အကြောင်း၊ အစိုးရဖွဲ့စည်းတဲ့အကြောင်း၊ အဲဒီကိစ္စတွေမေးကြပါတယ်။ အဲဒါကို အထွေထွေအတွင်းရေးမှူးက စိတ်ရှည်လက်ရှည် ပြန်လည်ဖြေကြားပါ တယ်။"

မြန်မာအီးဂရက်စ်အဖွဲ့က လူငယ်တွေနဲ့တွေ့ဆုံပွဲဟာ ၁၂ နာရီလောက်မှာပြီးဆုံးခဲ့ပါတယ်။ နေ့လည်ပိုင်းမှာပြုလုပ်တဲ့ အန်အယ်ဒီဗဟိုအလုပ်အမှုဆောင်အစည်းအဝေးမှာတော့ လာမဲ့တော်လှန်ရေးနေ့အခမ်း အနားကို စည်ကားစွာကျင်းပနိုင်ဖို့ ဆွေးနွေးဆုံးဖြတ်ခဲ့ပါတယ်။

ဒ့ါအပြင် ဒီကနေ့ နေ့လည် ၁ နာရီမှာ နိုင်ငံရေးနှင့်ဘောဂဗေဒဆိုတဲ့ခေါင်းစဉ်နဲ့ လူငယ်ပညာပေးဆွေးနွေးပွဲတရပ်ကို အန်အယ်ဒီဌာနချုပ်မှာပြုလုပ်ခဲ့ပါတယ်။ ဒီဆွေးနွေးပွဲကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဦးစောနိုင်းနိုင်းနဲ့ စီးပွားရေးပညာရှင်ဦးမျိုးမြင့်တို့က ဦးဆောင်ဆွေးနွေးခဲ့ပြီး လူကြီးလူငယ်တက်ရောက်သူ စုစုပေါင်း ၆၀ ကျော်လောက်ရှိပါတယ်။

---

# မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ်ခန့်အပ်ခံရတဲ့ ဦးအုန်းမြင့် ဂုဏ်ပြုပွဲကျင်းပ

**DVB ၊ ဖေဖော်ဝါရီ ၂၂။** ။ မွန်ပြည်နယ် ဝန်ကြီးချုပ်သစ်ခန့်အပ်ခံရတဲ့ ဗိုလ်ချုပ်ဟောင်းဦးအုန်းမြင့်ဟာ အသစ်ခန့်အပ်တဲ့ ဝန်ကြီးတွေနဲ့အတူ မနေ့ကဂုဏ်ပြုပွဲကျင်းပခဲ့ကြောင်း မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီက ပြောပါတယ်။

မော်လမြိုင်မြို့ရှိ သံလွင်ဟိုတည်မှာ ညစာစားပွဲ တည်ခင်းပြီး ဂုဏ် ပြုပွဲကျင်းပခဲ့တာဖြစ်တယ်လို့ ပါတီဥက္ကဋ္ဌနိုင်ငွေသိန်းက ပြောပါတယ်။ အသစ် ခန့်အပ်လိုက်တဲ့ မွန်ပြည်နယ်ဝန်ကြီးတွေနဲ့အတူ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဥက္ကဋ္ဌနဲ့အတွင်းရေးမှူး ၂ ဦးစီ တက်ရောက်ခဲ့တယ်လို့သိရပါတယ်။ ဂုဏ်ပြုပွဲအတွင်း ဗိုလ်ချုပ်ဟောင်း ဦးအုန်းမြင့်ရဲ့ပြောကြားချက်နဲ့ပတ်သက်ပြီး နိုင်ငွေသိန်းက အခုလိုပြောပြပါတယ်။

"စကားပြောတာ အနည်းအကျဉ်းလောက်ပဲ။ သူက အဲဒါ ဂုဏ်ပြုတဲ့အနေနဲ့တက်ရောက်လာသူ အားလုံးကို သူက ဂုဏ်ပြုပါတယ်ဆိုတဲ့ ဟာလောက်ပဲ။ အဲဒီဝန်ကြီးချုပ်သစ်အနေနဲ့ ပြီးတဲ့အခါကျတော့ ဝန်ကြီးတွေအနေနဲ့ ကောပြီးတော့ တရားရုံးချုပ်ရှေ့နေ၊ စာရင်းစစ်ချုပ်အနေနဲ့ သူတို့ချထားနိုင်သည်ဆိုတဲ့ဟာကို ပြောရင်းနဲ့ ဂုဏ်ပြုပါတယ်ဆိုတဲ့ အနေအထားမျိုးကို ပြောလိုက်ပါတယ်။"

ဖိတ်ကြားထားတဲ့ ဖလုံစဝေါ်ပါတီ၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ) နဲ့ တခြားပါတီတို့ဟာ ရန်ကုန်မှာ ရှိနေတဲ့အတွက် ဒီပွဲကို မတက်ရောက် နိုင်ဘူးလို့ နိုင်ငွေသိန်းက ပြောပြပါတယ်။ မြန်မာနိုင်ငံမှာ နှစ် ၂၀ ကျော်အတွင်း ပထမဆုံးအကြိမ် လွှတ်တော်အစည်းအဝေးကို ဇန်နဝါရီလ ၃၁ ရက်နေ့က စတင်ကျင်းပနေတာဖြစ်ပြီး ဝန်ကြီးဌာနနဲ့ တရားသူကြီး၊ စာရင်းစစ်ချုပ်စသဖြင့် ခန့်အပ်နေတာ မနေ့ကအထိဖြစ်ပါတယ်။ မနေ့ကတော့ မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဦးခင်မောင်ကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီး ၂ ဦးဖြစ်တဲ့ ဦးသိန်းမြင့်နဲ့ ဦးညီညီစိုးတို့ကို ရွေးချယ်ခန့်အပ်လိုက်ပါတယ်။ အခုလို ပြည်နယ် ဝန်ကြီးချုပ်ကနေဝန်ကြီးတွေကို ခန့်အပ်ပြီးဖြစ်ပေမယ့် ဝန်ကြီးဌာန (၉) နေရာထဲက (၈) နေရာ ကိုတော့ အခုထိ နေရာသတ်မှတ်ပေးခြင်း မရှိသေးပါဘူး။ ဒါတွေ အားလုံးပြီးမှ လူထုအတွက် လိုအပ်ချက်တွေကို ပါလီမန်အတွင်းမှာ တင်ပြဆွေးနွေးမယ့်အဆင့်ရောက်မယ်လို့ နိုင်ငွေသိန်းက ပြောပါတယ်။ဒါကလည်း အခက်အခဲတွေ ရှိနိုင်တယ်လို့ နိုင်ငွေသိန်းက အခုလို ပြောပါတယ်။

"အစိုးရဖွဲ့ပြီးရင်တော့ ဒီလိုပဲ ဟိုမှာ ပြည်နယ်မှာလည်း ပြည်နယ်မှာအလိုက် တင်ပြဖို့ ဆွေးနွေးဖို့ ညှိနှိုင်းဖို့လုပ်တာပေ့ါ၊ ရှိတာပေ့ါ၊ အဲဒါလေးပဲ။ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး အဲဒါတွေ ညှိနှိုင်းသွားမယ်၊ တင်ပြသွားမယ်၊ ဆွေးနွေးသွားမယ်လို့ ရည်ရွယ်ထားတာပေ့ါ။ သို့သော် ဥပဒေအရတော့ ပြည်နယ်ကတော့ မပြောတတ်ဘူး။ လွှတ်တော်မှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တွေမှာဆိုရင် ၁၀ ရက် မေးခွန်းမေးချင်ရင် ၁၀ ရက်ကြိုပြောရမယ်၊ အဆိုပြုချင်ရင်တော့ ၁၅ ရက် ကြိုမယ်ဆိုတာလေး အဲလိုအခက်အခဲတော့ ရှိချင်လည်းရှိမယ်လေ။ တခါမှလည်း မလုပ်ဖူးသေးတော့ အခြေအနေကြည့်တာပေ့ါ။"




**သတင်းဖြတ်ပိုင်း**

**ဖေဖော်ဝါရီ ၁၉ ၊ AFP ။ ။** ဖိတ်ပင်မှုများ ရုတ်သိမ်းရေးကိုဆန့်ကျင်ခဲ့မှုအတွက် အဲန်အဲလ်ဒီနှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် တောင်းပန်ရမည်ဟု နအဖသတင်းစာများမှ ဆို၏။

**ဖေဖော်ဝါရီ ၂၀ ၊ TerraDaily ။ ။** အရှေ့အလယ်ပိုင်းကဲ့သို့ဆန္ဒပြကြရန် အင်တာနက်လှုပ်ရှားမှုကြောင့် တရုတ်လှုပ်ရှားသူ ၁၅ ဦးခန့်ပျောက်နေကြောင်း။

**ဖေဖော်ဝါရီ ၂၁ ၊ AP ။ ။** ဒေါ်လာ ၉.၆ ဘီလီယံဖြင့် တရုတ်သည် မြန်မာတွင် မြှုပ်နှံမှု အများဆုံးနိုင်ငံဖြစ်၏။

**ဖေဖော်ဝါရီ ၂၁ ၊ Irrawaddy ။ ။** ရေရှည်နိုင်ငံရေးအကျဉ်းကျနေသူများ၏ မိသားစုများသို့ မဲစနစ်ဖြင့်ရွေးချယ်၍ ပြည်ပရောက်မြန်မာများမှ စပွန်စာအဖြစ်ကူညီရန် အဲန်အဲလ်ဒီမှ ဂျန်နဝါရီ ၄ မှ စ၍ စီစဉ်နေ၏။ ပြည်ပရောက်မြန်မာများမှ ယင်းသို့အကူအညီတောင်းမှုသည် ပထမဆုံးဖြစ်၏။

**ဖေဖော်ဝါရီ ၂၁ ၊ Irrawaddy ။ ။** နိုင်ငံရေးအကျဉ်းသားများစွာ၏ ကျန်ရစ်သူ မိသားစုများသည် စားဝတ်နေရေးအထူးခက်ခဲကြောင်း။

**ဖေဖော်ဝါရီ ၂၁ ၊ Nation ။ ။ Dunkley** အမှုမှသင်ခန်းစာခေါင်းစီးဖြင့် အယ်ဒီတာ့အာဘော်တွင် မြန်မာစစ်အစိုးရသည် ထိုသတင်းအယ်ဒီတာအား မလိုတော့၍ ကြံဖန်ဖမ်းခြင်းဖြစ်နိုင်ကြောင်း။

**ဖေဖော်ဝါရီ ၂၁ ၊ DVB ။ ။** သာယာဝတီတွင် ရဲ ၂ ဦးမှ ကျောင်းသားတဦးအား ပွဲတွင် လက်ထိပ်ခတ်၍ ရိုက်မှုမှ လူထုသည် ထိုရဲများအားဝိုင်းလိုက်သော်လည်း လွတ်သွားကြောင်း။

**ဖေဖော်ဝါရီ ၂၁ ၊ LDN ။ ။** အီရန်နှင့်မြန်မာတို့ကဲ့သို့ သီးခြားနေသောနိုင်ငံနည်းတူ လစ်ဗျားသည်လည်း ပြည်သူအား သွေးထွက်သံယိုနှိပ်ကွပ်နည်းကိုသုံးရန် အခွင့်အလမ်းသာကြောင်း။

**ဖေဖော်ဝါရီ ၂၂ ၊ BELGRADE-AP ။ ။** အီဂျစ်လူထုတော်လှန်ရေးတွင် **Serbia** နိုင်ငံတွင် ဖြစ်ခဲ့သည့်အာဏာရှင်အား ငြိမ်းချမ်းစွာတော်လှန်ရေးမှ ကျင့်စဉ် ဖြခုကိုလည်းသုံးခဲ့၏။ ဤနည်းများကို အင်တာနက်မှ ''Bringing Down a Dictator.'' '' Nonviolent Struggle, 50 Crucial Points.'' တို့တွင်ကြည့်နိုင်၏။

**ဖေဖော်ဝါရီ ၂၂ ၊ Irrawaddy ။ ။** မြန်မာ၏ နောက်တော်လှန်ရေးသည် အင်တာနက်မှတဆင့် စမည်လောဟု စာရေးသူဘကောင်းမှ သတင်းဝေဖန်၏။

**ဖေဖော်ဝါရီ ၂၂ ၊ Irrawaddy ။ ။** ဇောကမ္ဘာ ကုမ္ပဏီမှ ဘိလပ်မြေစက်ဆောက်လုပ်ရန် ကျိုက်မရောမြို့နယ်မှ ဧက ၆၀၀ သိမ်းပြီးနောက် လမ်းဘေးမြေ ဧက၂၀၀ ထပ်မံ သိမ်းမည်ကို ဒေသခံတောင်သူများ စိုးရိမ်နေ၏။

**ဖေဖော်ဝါရီ ၂၂ ၊ Mizzima ။ ။** NMSP မှ မွန်ခေါင်းဆောင် နိုင်ထာဝရသည် (အသက် ၅၅နှစ်) ဆီးချိုသွေးတိုးရောဂါတို့ဖြင့် ယနေ့နံက် ရုတ်တရက် ပါတီဌာနချုပ်တွင် ကွယ်လွန်ခဲ့၏။

**ဖေဖော်ဝါရီ ၂၂ ၊ DVB ။ ။** ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးသို့ Universal Periodic Review အမည်ဖြင့် မြန်မာနိုင်ငံမှ ပြည်တွင်း လူ့အခွင့်အရေးမှတ်တမ်းအစီရင်ခံစါသည် လုပ်ဇာတ်ဖြစ်ကြောင်း ဥပဒေပညာရှင်များမှ နအဖအား စွပ်စွဲ၏။

**ဖေဖော်ဝါရီ ၂၂ ၊ DVB ။ ။** ပုံးပေါက်ကွဲမှုနှင့်စပ်လျဉ်း၍ အောက်တိုဘာလထဲက ဖမ်းထားသော ကရင်လူငယ် ၁၁ ဦး၏အမှုတွင် ယမန့်နေ့အမှုချိန်းတွင် ရှေ့နေသို့ အမှုမှတ်တမ်းမိတ္တူမပေးကြောင်း။

**ဖေဖော်ဝါရီ ၂၂ ၊ DVB ။ ။** မိမိတို့၏ လယ်မြေဧက ၃၀ ၀၀၀ ကို သိမ်းယူခဲ့မှုဖြင့် ရွာ ၁၃ ရွာမှ လယ်သမားများသည် ကမ္ဘာ့အလုပ်သမားအဖွဲ့ ILO သို့တိုင်ကြားခဲ့၏။

**ဖေဖော်ဝါရီ ၂၂ ၊ Irrawaddy ။ ။** ဂျန်နဝါရီ ၃၁ မှစခဲ့သည့် လွှတ်တော်အဆင့်ဆင့်၏ ဆွေးနွေးပွဲများသည် တိုတောင်းလှ၏။ ပြည်ထောင်စုပါလီမန်သည့် ဖေဖော်ဝါရီ ၁၁ မှစခဲ့သည့် ဆွေးနွေးပွဲများသည် တခုမှ မိနစ်၂၀ ထက်မကြာကြောင်း။ ဖေဖော်ဝါရီ ၁၅ နှင့် ၁၇ ညီလာခံသည် ဆယ်မိနစ်စီသာကြာကြောင်း။

**ဖေဖော်ဝါရီ ၂၃ ၊ AP ။ ။** အမေရိကန်မှ မြန်မာနိုင်ငံသို့မည်သို့သော အကူအညီပြန်ပေးရေးကို ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းပင်လျက်ရှိကြောင်း သံရုံးအရာရှိ Larry Dinger မှ ဆို၏။

**ဖေဖော်ဝါရီ ၂၃ ၊ Phuket ။ ။** မြန်မာအလုပ်သမားတန်းလျားတခု မီးလောင်ရာ ရှို့မီးဟု အချို့မှ ထင်၏။

**ဖေဖော်ဝါရီ ၂၃ ၊ Irrawaddy ။ ။** ဗိုလ်ချုပ်မောင်အေး အငြိမ်းစားပေးမည့်သတင်းကြောင့် နအဖနှင့်အလွမ်းသင့်သည့် ဦးအောင်ကိုဝင်းပိုင်သည့် ကမ္ဘောဇဘဏ်မှ စုငွေပြန်ထုတ်မှုများနေ၏။

**ဖေဖော်ဝါရီ ၂၃ ၊ AFP ။ ။** သြစတြေးလျားနိုင်ငံသား မြန်မာတိုင်းမ်စ် အယ်ဒီတာ ဒန်ကလေအား လက်ထိပ်ခတ်၍ ရုံးထုံးစစ်ဆေး အမှု စွဲချက်တင်ခဲ့၏။

**ဖေဖော်ဝါရီ ၂၃ ၊ BBC ။ ။** ဗြိတိန်၏ Brighton Festival ပွဲတော်အတွက် ဒေါ်အောင်ဆန်းစုကြည်သည် လွတ်လပ်မှုနှင့်ဒီမိုကရေစီ၏ အရေးပါပုံကို ဟောပြောထားသော ဗွီဒီယို မိန့်ခွန်းကို ပေးပို့ထား၏။

**ဖေဖော်ဝါရီ ၂၄ ၊ Mainichi Daily ။ ။** နအဖစစ်အုပ်ချုပ်ရေးအား ဆက်လက်ငြိမ်းချမ်းစွာအံတုရန် ဒေါ်အောင်ဆန်းစုကြည်မှ ထိုသတင်းစာ အပတ်စဉ် မြန်မာပြည်မှလာသောစာ Letter from Burma တွင် ပေါ်လွင်စေ၏။

**စာမျက်နှာ ၁၃ သို့**

# ဗဟိုတရားရုံးချုပ်ဆောင်ရွက်ချက် ဥပဒေနဲ့မညီ လူ့အခွင့်အရေးကော်မရှင် ဝေဖန်

**RFA ၊ ဖေဖော်ဝါရီ ၂၃ ။** ။ X2O ရေကစားမဏ္ဍပ်ရှေ့ပုံးကွဲမှုနဲ့စွပ်စွဲဖမ်းဆီးခံထားရတဲ့ ကိုဖြိုးဝေအောင်အမှုမှာ ဗဟိုတရားရုံးချုပ်ရဲ့ဆောင်ရွက်ချက်ဟာ ဥပဒေနဲ့မကိုက်ညီဘူးလို့ AHRC ခေါ် အာရှလူ့အခွင့်အရေးကော်မရှင်က ဒီကနေ့ဝေဖန်လိုက်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ AHRC အဖွဲ့က ရှေ့နေ ဦးမင်းလွင်ဦးက RFA ကိုအခုလိုပြောပါတယ်။

"ကိုဖြိုးဝေအောင်ရဲ့အမှုကိစ္စနဲ့ပတ်သက်ပြီးတော့ တရားရုံးချုပ်ကနေပြီးတော့ အင်းစိန်ထောင်အတွင်းတရားရုံးမှာ ဆက်လက်စစ်ဆေးဖို့ဆုံးဖြတ်ချက်ချတာက ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းမှာပြဋ္ဌာန်းထားတဲ့ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဆိုင်ရာဥပဒေ၊ နောက်ပြီးတော့ အခု ကျွန်တော်တို့ ၂၀၀၈ ခုနှစ်မှာ အတည်ပြုပြဋ္ဌာန်းတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နောက်တခါ ၂၀၁၁ ခုနှစ်မှာပြဋ္ဌာန်းမဲ့ တရားစီရင်ရေးဆိုင်ရာဥပဒေမှာပါတဲ့ ပြဋ္ဌာန်းချက်တွေထဲက တရားစီရင်ရေးဆိုင်ရာမူဖြစ်တဲ့ လွတ်လပ်စွာ အများပြည်သူရဲ့ရှေ့မှောက်မှာစစ်ဆေးစီရင်ရမယ်ဆိုတဲ့မူကို အတိအလင်းမျက်ကွယ်ပြုပြီး ဆုံးဖြတ်ထားတယ်လို့ ကျွန်တော်တို့အနေနဲ့ပြောလိုခြင်းဖြစ်ပါတယ်။"

တရားစီရင်ရေးမှာ အများပြည်သူ့ရှေ့မှောက် စစ်ဆေးရမယ်ဆိုတဲ့ဥပဒေကို အာဏာပိုင်တွေကိုယ်တိုင် မျက်ကွယ်ပြုနေတဲ့ အခုလိုဖြစ်ရပ်တွေ မြန်မာနိုင်ငံမှာအတော်များများ တွေ့ရတယ်လို့လည်း ဆိုပါတယ်။

ကိုဖြိုးဝေအောင်အမှုမှာ တရားရုံးလုပ်ထုံးလုပ်နည်းတွေထဲက တခုဖြစ်တဲ့ ရှေ့နေက သက်သေခံစာရွက်စာတမ်းမိတ္တူကူးဖို့နဲ့ ဆရာဝန်ဆေးစစ်ချက်တွေမိတ္တူကူးဖို့ကိုလည်း တရားရုံးကခွင့်မပြုဘူးလို့ဆိုပါတယ်။ ဒါ့အပြင် မိသားစုဝင်တွေကိုလည်း တွေ့ခွင့်မပြုဘူးလို့ပြောပါတယ်။

ကိုဖြိုးဝေအောင်ကို အင်းစိန်ထောင်မှာ အာဏာပိုင်တွေက ထောင်တွင်းပြစ်မှုတခုနဲ့ တိုက်ပိတ်ပြစ်ဒဏ်ခတ်ထားတယ်လို့လည်း မိသားစုဝင်တွေကပြောပါတယ်။

# ချောတိုင်တက် လူငယ် ပြုတ်ကျသေဆုံး

**DVB ၊ ဖေဖော်ဝါရီ ၂၃ ။** ။ ပြီးခဲ့တဲ့ တပို့တွဲလပြည့်နေ့က ရန်ကုန်တိုင်း တွံတေးမြို့ ရွှေစံတော်ဘုရားမှာ ပြုလုပ်တဲ့ ထမနဲထိုးပွဲအတွင်း ချောတိုင်တက်ပြိုင်ပွဲမှာ ၁၀ တန်း ကျောင်းသားတဦး ချောတိုင်ပေါ်ကကျပြီး သေဆုံးသွားပါတယ်။ ထမနဲပွဲတော်ကို ကြံ့ခိုင်ရေးပါတီက ဦးစီးကျင်းပတာဖြစ်ပြီး တွံတေး၊ ကော့မှူးနဲ့ ကွမ်းခြံကုန်း ၃ မြို့နယ်က ပူးပေါင်းကျင်းပကြတာဖြစ်သလို Alphan အဖွဲ့က စပွန်စာပေးတာလို့ တွံတေးမြို့ခံတွေက ပြောပါတယ်။

ဒီထမနဲပွဲအတွင်း အမြင့် ၂၅ ပေ ရှိတဲ့ ချောတိုင်တက်ပြိုင်ပွဲကိုပြုလုပ်ပြီး ဆုကြေးငွေအားဖြင့် ကျပ်ငွေ ၃ သိန်းပေးတယ်လို့ ဆိုပါတယ်။ ချောတိုင်ပြိုင်တက်နေချိန်မှာ ၁၀ တန်းကျောင်းသားလေး မောင်ဆန်းဝင်းမြင့် ချောတိုင်ပေါ်ကနေကျပြီး ဦးခေါင်းမှာ ဒဏ်ရာအပြင်းအထန်နဲ့ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က သေဆုံးသွားတယ်လို့ တွံတေးမြို့ခံတဦးက အခုလိုပြောပါတယ်။

"ထမနဲပြိုင်ပွဲမှာ ယူဇနက ဦးခင်ရွှေရယ်၊ သူ့ချွေးမ နန္ဒာလှိုင်တို့လည်းလာတယ်။ ချောတိုင်တက်ပွဲရှိတယ်။ ချောတိုင်တက်တဲ့အခါမှာ ၂၅ ပေလောက်ရှိတယ်။ ၂၅ ပေလောက်ရှိတဲ့ ချောတိုင်မှာ အောက်ကကြည့်ရင် အကာအကွယ် သဲအိတ်တို့ဘာတို့ ဘာမှမရှိဘူး။ မြေပြင်ကလည်း ပြောင်ကြီးဖြစ်နေတယ်။ တိုင်ထူတဲ့အခါမှာလည်း ၄ ပေလောက်တူးရမှာ ၂ ပေလောက်ပဲတူးထားတယ်။ တိုင်ရဲ့တည်ငြိမ်မှု အားနည်းတယ်။ ဆယ်တန်းကျောင်းသားလေး မောင်ဆန်းဝင်းမြင့်က တက်နေရင်း ပြုတ်ကျသွားတယ်။ ချက်ချင်းတော့မသေဘူး၊ ခေါင်းမှာဒဏ်ရာရသွားတယ်။ ဦးနှောက်နဲ့ အာရုံကြောကို သူတို့ တင်သေးတယ်။ အကုန်လုံးတော့ အကုန်ကျခံပြီး သူတို့ လိုက်လုပ်ပေးတယ်လို့ ပြောပါတယ်။"

ဒါပေမယ့် ကလေးက လွန်ခဲ့တဲ့ သုံးရက်လောက်က ဆုံးသွားပြီး မနေ့က သင်္ဂြိုဟ်တယ်။ သေဆုံးသူ ၁၀ တန်းကျောင်းသား မောင်ဆန်းဝင်းမြင့်ဟာ တွံတေးမြို့ အိုးဘိုရပ်ကွက်မှာ နေထိုင်ပြီး မကြာခင် ၁၀ တန်းစာမေးပွဲဖြေဆိုရမယ့်သူ ဖြစ်ပါတယ်။ တိုင်ပေါ်ကနေကျပြီးနောက်ပိုင်း သူ့ကို ယူဇနကုမ္ပဏီက ဆေးရုံကုန်ကျစရိတ်တွေကို လိုက်လံကူညီပေးသလို သူသေဆုံးပြီးနောက်ပိုင်း မိသားစုကို ကျပ်ငွေ ၃ သိန်း ထောက်ပံ့ကြေးပေးခဲ့တယ်လို့ အဲဒီမြို့ခံက ပြောပါတယ်။ ဒါပေမယ့် ချောတိုင်ပေါ်ကနေ ပြုတ်ကျ သေဆုံးမှုနဲ့ ပတ်သက်ပြီး တစုံတရာ အရေးယူမှုတွေမရှိဘူးလို့ ပြောပါတယ်။

# ဦးတေဇ သေဘေးမှသီသီလေးလွတ်

**DVB ၊ ဖေဖော်ဝါရီ ၂၂ ။** ။ စစ်အစိုးရနဲ့နီးစပ်တဲ့ စီးပွားရေးလုပ်ငန်းရှင် ဦးတေဇဟာ ကချင်ပြည်နယ်က ရေခဲတောင်ဒေသဆီ ရဟတ်ယာဉ်နဲ့ခရီးသွားရင်း ရာသီဥတုဆိုးတဲ့အတွက် အရေးပေါ်ဆင်းသက်ခဲ့ရပြီး အခုချိန်ထိ အဆက်သွယ်ပြတ်နေတယ်လို့ အေအက်ဖ်ပီသတင်းအရ သိရပါတယ်။

သူနဲ့အတူ လေယာဉ်မှူးအပါဝင် လူ ၆ ဦးပါသွားတယ်လို့သိရပြီး ပူတာအိုဘက်က ရေခဲတောင်ဆီအသွား တနင်္လာနေ့ကတည်းက အခုလိုအဆက်သွယ်ပြတ်သွားတာလို့ အစိုးရဝန်ထမ်းတဦးကပြောပါတယ်။ အခုချိန်မှာတော့ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့တခု အဲဒီဒေသဆီစေလွှတ်ထားကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့နဲ့ ဦးတေဇတို့အဖွဲ့ အဆက်သွယ်ရပြီလို့သိရပေမယ့် ရာသီဥတုဆိုးနေဆဲဖြစ်တာကြောင့် ဦးတေဇ တို့ရှိတဲ့နေရာအထိ ကယ်ဆယ်ရေးအဖွဲ့ မရောက်နိုင်သေးဘူးလို့ အဲဒီအရာရှိက ပြောပါတယ်။ ရာသီဥတုဆိုးတဲ့အတွက် ရေခဲတောင်ပေါ်မှာဘဲ ရဟတ်ယာဉ်ကိုဆင်းဖို့ ဦးတေဇက ဆုံးဖြတ်ခဲ့ကြောင်း၊ ဒါပေမဲ့ ကံမကောင်းချင်တော့ မြေပြင်က ပျော့အိနေတဲ့အတွက် ရဟတ်ယာဉ် ပြန်ပြီးပျံမတက်နိုင်ဖြစ်နေတယ်။ ကျနော်တို့ရဲ့ ကယ်ဆယ်ရေးအဖွဲ့ အချိန်မီကယ်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားတယ်ဆိုပြီး အဲဒီအရာရှိက ပြောပါတယ်။

လောလောဆယ် မကယ်နိုင်သေးပေမယ့် ဦးတေဇတို့ရှိရာ အရပ်ကို ကယ်ဆယ်ရေး ရဟတ်ယာဉ်ပေါ်ကနေ အစားအသောက်တွေ ချပေးနိုင်ခဲ့တယ်။ မြေပြင်ကလူတွေ အခြေနေကောင်းပါတယ်လို့ ပြောတယ်လို့ တခြားအရာရှိတဦးကဆိုပါတယ်။ အဲပုဂံ၊ ဟိုတယ်နဲ့ တခြားစီးပွားရေးလုပ်ငန်းများအပြားကို ပိုင်ဆိုင်ထားတဲ့ သူဌေးကြီးဦးတေဇနဲ့ အဖွဲ့ဟာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအတွက် ရေခဲတောင်ဆီသွားစဉ် အခုလိုကြုံခဲ့ရတာလို့ဆိုပါတယ်။ ဦးတေဇဟာနအဖထိပ်ပိုင်းခေါင်းဆောင်တွေနဲ့ရင်းနှီးသူဖြစ်ပြီး စစ်အစိုးရကိုထောက်ပံ့နေသူ၊ လက်နက်မှောင်ခိုသယ်ပေးနေသူအဖြစ် အမေရိကန်အစိုးရကသတ်မှတ်ထားကာ စီးပွားရေးပိတ်ဆို့မှုစာရင်းထဲမှာ ပါနေတဲ့ ပုဂ္ဂိုလ်တဦးဖြစ်တယ်လို့ အေအက်ဖ်ပီ သတင်းမှာ ဖော်ပြထားပါတယ်။



VOB

သတင်းတိုထွာဖတ်စရာ

## အကူအညီပေးရေးဆွေးနွေး

ရန်ကုန်မှာရှိတဲ့ အမေရိကန်သံရုံးတာဝန်ခံဟာ အမေရိကန်အစိုးရအနေနဲ့ မြန်မာနိုင်ငံကို ဘယ်လိုအကူအညီမျိုးတွေ ပေးသင့်သလဲဆိုတဲ့အကြောင်းအရာတွေကို မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့ ဆွေးနွေးမှုတွေ ပြုတယ်လို့ သိရပါတယ်။ အဲဒါအပြင် စစ်အစိုးရရဲ့ လူ့အခွင့်အရေးချိုးဖောက်မှု၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို အမှန်တကယ်လုပ်ဆောင်မှုမရှိလို့ ဒဏ်ခတ်ပိတ်ဆို့ထားတဲ့အရေးကိုလည်း စစ်အစိုးရအရာရှိတွေနဲ့ ဆွေးနွေးတယ်လို့လည်း သိရပါတယ်။ (AP, 23.2.2011)

## ဝန်ကြီးချုပ်ပေးတဲ့ ဘောနပ်စ်

နအဖဝန်ကြီးချုပ်သိန်းစိန်ဟာ ကြပ်ပြေးနေပြည်တော်မှာ လွှတ်တော်အစည်းအဝေးတက်ခဲ့ကြတဲ့ လွှတ်တော်အမတ် ၆၅၈ ဦးကို ဆုကြေးနဲ့ ခွင့်ပြုစရိတ်အဖြစ် တဦးလျှင် ကျပ် ၆ သိန်းစီပေးလိုက်တယ်လို့ သိရပါတယ်။ လွှတ်တော်တက်ခဲ့တဲ့ အမတ်တဦးက ဒီလိုပေးတာဟာ လစာသဘောမျိုးဖြစ်ပါတယ်။ ဒါပေမဲ့ လွှတ်တော်က အရာရှိတွေက လစာလို့တော့ ပြောဆိုတာမျိုးမရှိဘူးလို့ ဆိုပါတယ်။ (IRRAWADDY, 25.2.2011)

## ဆန်ဈေးတက်လာနေပြီ

ရန်ကုန်မှာဆန်နဲ့ တခြားကုန်တွေ ဈေးတက်လာတယ်လို့ သိရပါတယ်။ စစ်အာဏာရှင်တွေက ကျပ်တသောင်းတန် ငွေစက္ကူတွေကို စတင်ထုတ်ဝေသုံးစွဲတော့မယ်ဆိုတဲ့ ပြောသံတွေ ကျယ်လောင်လာနေတဲ့အတွက်ဖြစ်ပါတယ်။ ဆန်ဈေးဟာ နေ့တိုင်း တရိပ်ရိပ်နဲ့တက်နေတယ်လို့ ကုန်သည်တွေက ဆိုပါတယ်။ ကုန်သယ်ပို့စရိတ်တွေတက်လာတာကလည်း ဈေးတက်ရတဲ့အကြောင်းရင်းတရပ်ဖြစ်ပါတယ်။ လူအများကတော့ မိုးတွင်းမှာလည်း တောက်လျှောက်တက်နိုင်တယ်လို့ တွက်ဆနေကြပါတယ်။ (IRRAWADDY, 25.2.2011)

## စစ်ပြေးဒုက္ခသည် ၉၀၀၀

လွန်ခဲ့တဲ့ ၄ လ က နအဖတပ်တွေနဲ့ နယ်ခြားစောင့်တပ်အဖြစ်မပြောင်းချင်တဲ့ ဒီကေဘီအေခွဲထွက်တပ်ဖွဲ့တွေအကြား တိုက်ပွဲတွေစတင်ဖြစ်ခဲ့ပြီးတဲ့နောက်ပိုင်း ထိုင်းနိုင်ငံကို ထွက်ပြေးခဲ့ကြတဲ့တိုင်းရင်းသားဒုက္ခသည်တွေထဲက ၉၀၀၀ လောက်ဟာ အခုထက်ထိထိုင်းနိုင်ငံထဲမှာရှိနေတုန်းပါပဲ၊တိုက်ပွဲတွေဆက်လက်ဖြစ်နေဆဲမို့ အများစုဟာ မိမိတို့ဇာတိမြေကို ပြန်လို့စိတ်မရှိကြပါဘူး။ ထိုင်းနယ်စပ် မှာပုန်းသူကပုန်း၊ ထိုင်းရွာတွေမှာ စိုက်ပျိုးရေးအလုပ်သူက လုပ်နဲ့အသက်ရှင်သန်ရေးအတွက် ရပ်တည်နေကြရပါတယ်။ (IRRAWA DDY, 25.2.2011)

## စိုက်ပျိုးရေးလုပ်ကြမယ့်သူများ

လွန်ခဲ့တဲ့နှစ်က ထိုင်းနိုင်ငံတွင်းရှိ မဲလဒုက္ခသည်စခန်းကနေ ဂျပန်ကိုရောက်လာကြတဲ့ ကရင်တိုင်းရင်းသားဒုက္ခသည်တွေဟာ ဂျပန်အစိုးရရဲ့အထောက်အပံ့နဲ့ ဂျပန်ဘာသာစကားနဲ့ ဂျပန်နိုင်ငံတွင်း နေထိုင်မှုဆိုင်ရာလမ်းညွှန်သင်တန်းကို ၆ လ ကြာတက်ရောက်ခဲ့ပြီးတဲ့နောက် မိသားစု ၂ စု (၁၂ ဦး)ဟာ အခုအခါ ချီးဘားခရိုင် ယာချိမာ့တာ့မြို့တွင် ဟင်းသီးဟင်းရွက်နဲ့ မြေပဲစိုက်ပျိုးရေး၊ မိသားစု၃ စု(၁၅ ဦး) က မိအဲခရိုင် ဆူဇုကာ့မြို့တွင် မှိုစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြမယ်လို့ သိရပါတယ်။ (KYODO, 25.2.2011)

## အိုင်အဲလ်အိုက ဆက်လက်စောင့်ကြည့်မည်

မြန်မာစစ်အစိုးရဟာ မြန်မာပြည်သူပြည်သားတွေက အဓမ္မလုပ်အားပေးစေခိုင်းမှုတွေနဲ့ ပတ်သက်ပြီးတိုင်ကြားတဲ့ကိစ္စတွေကို ကိုင်တွယ်ဖို့အတွက် အိုင်အဲလ်အိုရဲ့ရုံးခွဲကို နောက်ထပ် ၁၂ လအထိ တိုးချဲ့ဖွင့်လှစ်ခွင့်ကို သဘောတူလိုက်တယ်လို့ သိရပါတယ်။ ၂၀၀၇ ခုနှစ်ကတည်းကဖွင့်လှစ်ခဲ့တဲ့ အဲဒီအိုင်အဲလ်အိုရဲ့ရုံးဖွင့်လှစ်ခဲ့တဲ့အချိန်ကစပြီး မြန်မာပြည်သူပြည်သားတွေဟာ အာဏာပိုင်တွေရဲ့အဓမ္မလုပ်အားပေးစေခိုင်းမှုတွေကို ဖော်ထုတ်ခဲ့ကြပါတယ်။ နအဖကတော့ ဒီလိုဖြစ်ပျက်နေတာတွေပပျောက်သွားဖို့ ကြိုးပမ်းနေပါတယ်လို့ ပြောပါတယ်။ (AP, 24.2.2011)

## ကေအိုင်အိုဘက်ပြေးရတဲ့ကချင်လူငယ်များ

နအဖစစ်တပ်က ဖေဖော်ဝါရီ ၁၇ ရက်နေ့ကစပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်း ကချင်လူငယ်တွေကိုအဓမ္မဝင်ခိုင်းတာတွေလုပ်တဲ့အတွက် ကချင်လူငယ် ၁၀၀ လောက်ဟာ ကေအိုင်အိုဘက်ကို ထွက်ပြေးခဲ့ကြရတယ်လို့ သိရပါတယ်။ ကေအိုင်အေတပ်ရင်း ၁၁ ရဲ့ အရာရှိတဦးက တချို့ကိုတပ်ထဲဝင်စေပြီး ငယ်လွန်းတဲ့သူတွေကိုတော့ ကျောင်းတက်စေတယ်လို့ပြောပါတယ်။ နအဖတပ်တွေဟာ ခွဲတမ်းပြည့်အောင် တပ်သားသစ်မစုဆောင်းနိုင်ရင် ဒဏ်ငွေကျပ် သုံးသိန်းပေးရပြီး ခွဲတမ်းပြည့်တဲ့တပ်ရင်းတွေက အဲဒီငွေတွေရတယ်လို့ကြားရကြောင်းအဲဒီအရာရှိက ပြောပါတယ်။ (MIZZIMA, 24.2.2011)

# အိုင်အယ်လ်အိုအဖွဲ့ လုပ်အားပေးနှင့် အလုပ်သမားသမဂ္ဂကိစ္စ ဆွေးနွေးမည်

**DVB ၊ ဖေဖော်ဝါရီ ၂၂။** ။ အဖွဲ့ဝင် ၃ ဦးပါတဲ့ အိုင်အယ်လ်အို အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဒီနေ့ရန်ကုန်မြို့ကိုရောက်နေပြီလို့ သိရပါတယ်။အလုပ်သမားအခွင့်ရေးဆိုင်ရာညွှန်ကြားရေးမှူး Guy RYDER ဦးဆောင်တဲ့အဖွဲ့ဟာ ဂျီနီဗာကနေ ရန်ကုန်မြို့ကို ဒီညနေရောက်လာတာဖြစ်ပြီး ဖေဖော်ဝါရီ ၂၆ မှာ သက်တမ်းကုန်မယ့် မြန်မာအစိုးရနဲ့အိုင်အယ်လ်အိုအကြား သဘောတူညီချက်စာချုပ် သက်တမ်းတနှစ်ထပ်တိုးရေးကိစ္စ ဆွေးနွေးမှာဖြစ်တယ်လို့ အိုင်အယ်လ်အိုအဆင့်မြင့်အရာရှိ ကာရီတာပီယိုလာကပြောပါတယ်။

ဒီတကြိမ် အိုင်အယ်လ်အို ကိုယ်စား လှယ်အဖွဲ့ရောက်လာတဲ့အချိန်ဟာ ရွေးကောက်ပွဲအပြီး အစိုးရသစ်အပြောင်းအလဲ ဖြစ်နေချိန်နဲ့တိုက်ဆိုင်နေတဲ့အတွက် ဒီတခေါက်ခရီးစဉ်က အရင်နှစ်ခရီးစဉ်တွေထက် ပိုများထူးခြားမှုရှိမယ်ထင်သလားလို့ မေးတဲ့အခါမှာတော့ ကာရီတာပီယိုလာက အခုလို ပြောပါတယ်။

"ဒါဟာ ပါလီမန်သစ်ခေါ်ယူအပြီး ပထမဆုံးအကြိမ်တွေ့ဆုံတာဖြစ်တဲ့အတွက် ဘာတွေ ထူးမလဲဆိုတာကို စောင့်ကြည့်ရမှာပါ။ ဒါပေမယ့်ကျနော်သိသလောက်ကတော့ အလုပ်သမားဝန်ကြီးဟာ အပြောင်းအလဲမရှိပါဘူး။ အရင်ခေါက်တွေက တွေ့တဲ့ဝန်ကြီး ဦးအောင်ကြည်ပါဘဲ။ ဆွေးနွေးမယ့်အကြောင်းရာကလည်း အရင်နှစ်ကလိုပဲ မြန်မာအစိုးရနဲ့ ကျနော်တို့အကြား သဘောတူညီချက်စာချုပ်သက်တမ်းတနှစ် ထပ်တိုးဖို့ပါ။ အဲဒီထဲမှာ တဖက်က လုပ်အားပေးခိုင်းစေမှုပပျောက်ရေးနဲ့ တခြားတဖက်မှာတော့ လွတ်လပ်တဲ့အသင်းပင်းဖွဲ့စည်းခွင့်တွေပါဝင်ပါလိမ့်မယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ကို မြင်နေရပြီဖြစ်ပေမယ့် ဥပဒေပြုရေးနဲ့ လက်တွေ့အကောင်ထည်ဖော်ရေးတွေကို မမြင်ရသေးတဲ့အတွက် လုပ်အားပေးပပျောက်ရေး ကိစ္စ အလာအလာကောင်းလာမလာ ကျနော်တို့ ဆက်ဆွေးနွေးရဦးမှာဖြစ်ပါတယ်။"

ဒီကိုယ်စားလှယ်အဖွဲ့ဟာ အခုလ ၂၅ ရက် သောကြာနေ့အထိ မြန်မာနိုင်ငံမှာရှိနေမှာဖြစ်ပြီး အစိုးရတာဝန်ရှိသူတွေ၊ တခြားတွေ့ဆုံသင့်သူတွေနဲ့ဆွေးနွေးလိမ့်မယ်လို့ ကာရီကပြောပါတယ်။ ဒါပေမယ့် အသေးစိတ်ကိစ္စတွေကိုတော့ အခုလောလောဆယ် ထုတ်ပြောဖို့မရှိသေးဘဲ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Guy RYDER ပြန်လာမှ သတင်းစာရှင်းပွဲလုပ်လိမ့်မယ်လို့ ကာရီတာပီယိုလာက ပြောပါတယ်။ အိုင်အယ်လ်အို ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်ဟာ ၁၉၉၉ ဝန်းကျင်ကတည်းက မြန်မာနိုင်ငံမှာ ရုံးခွဲတခုဖွင့်လှစ်ပြီး လုပ်အားပေးနဲ့ကလေးစစ်သားပပျောက်ရေးအတွက် ဆောင်ရွက်နေတာဖြစ်ပါတယ်။

ဒီအတွက် လုပ်အားပေး၊ ကလေးစစ်သား၊ မြေယာအတင်းသိမ်းယူမှု၊ အသင်းပင်းဖွဲ့လို့ ဖမ်းဆီးခံရမှုတွေအတွက် တိုင်စာအတော်များများကို အိုင်အယ်လ်အိုက လက်ခံရရှိနေပါတယ်။ အဲဒီထဲက တချို့အမှုတွေကို ဖြေရှင်းပေးနိုင်ခဲ့သလို တချို့ဟာလည်း အိုင်အယ်လ်အိုကို တိုင်ကြားတဲ့အတွက် အခုချိန်ထိ ဖမ်းဆီးထောင်ချခံနေရဆဲဖြစ်ပါတယ်။ အိုင်အယ်လ်အိုက နောက်ဆုံးထုတ်ပြန်ထားတဲ့ စာရင်းအရ ဖမ်းဆီးခံနေရသူ ၁၂ ဦးရှိနေပြီး အဲဒီထဲမှာ အောင်လံဒေသမှ လယ်သမားကိုဇော်ဌေးအပါဝင် ၃ ဦး၊ အရင်ကဆက်စပ်မှုနဲ့ ခေါင်းစဉ်ပြောင်း ဖမ်းဆီးခံနေရသူ မစုစုနွေး၊ ကိုမင်းအောင်အပါဝင် ၃ ဦး၊ အလုပ်သမားနေ့ အခမ်းနားတက်မှုနဲ့ ဖမ်းဆီးခံနေရသူ ကိုသူရိန်အောင် အပါဝင် ၆ ဦးဖြစ်တယ်လို့ သိရပါတယ်။

---

# လွှတ်တော်အတွင်းမှာ ကန့်ကွက်ရန်ခက်

**DVB ၊ ဖေဖော်ဝါရီ ၂၃။** ။ ကျင်းပနေတဲ့ လွှတ်တော်မှာ လွှတ်တော်ဥက္ကဋ္ဌက တင်သွင်းနေတဲ့ လူစာရင်းတွေကို ကန့်ကွက်ဖို့ အကြောင်းမရှိဘဲ ထောက်ခံနေကြတာများတယ်လို့ နေပြည်တော် ပြည်ထောင်စုလွှတ်တော်တက်နေတဲ့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်း မြင့်အောင်က ပြောပါတယ်။

"ဒါတွေကို ကန့်ကွက်ချင်လို့ရှိရင် ဥပဒေနဲ့ အထောက်အထားနဲ့ ကန့်ကွက်ပါလို့ ပြောတာပေါ့။ ဒါပေမယ့် ဥပဒေသမားတွေ၊ ပါတီက အကြီးအကဲတွေတောင်မှ တုတ်တုတ်တောင်မလှုပ်တော့ ကျနော်ကလည်း ဘာလုပ်လို့ရမလဲ။ သူတို့တောင် မလှုပ်တော့ ကျနော်တို့လည်း ငြိမ်နေတာပေါ့။"

လွှတ်တော် ဘယ်အချိန်ပြီးဆုံးမယ်ဆိုတာနဲ့ ပတ်သက်လို့လည်း ဦးဖုန်းမြင့်အောင်က အခုလိုပြောပါတယ်။

"ပြည်ခိုင်ဖြိုးက ဗိုလ်မှူးကြီးတွေကတော့ ပြောတော့ပြောတာပေါ့။ နီးတော့ နီးပါပြီတဲ့။ တပတ် ၁၀ ရက်လောက်ဆို ပြီးတောင်ပြီးတော့မယ်လို့ပြောတာပဲ။ ကျနော်တို့လည်း သူတို့ဆီက ကြားရတော့ ဝမ်းသာတာပေါ့ဗျာ။ "

လွှတ်တော်ကို ပြီးခဲ့တဲ့ဇန်နဝါရီလ ၃၁ ရက်နေ့က စတင်ကျင်းပခဲ့တာဖြစ်ပေမယ့် လွှတ်တော်ဥက္ကဋ္ဌတင်ပြတဲ့လူစာရင်း စိစစ်နိုင်ဖို့ဆိုပြီး စနေ တနင်္ဂနွေ ပုံမှန်နားရက်အပြင် ကြားရက်တချို့ပါ ရပ်နားခဲ့တာကြောင့် မနေ့ကအထိ လွှတ်တော်ကျင်းပရက်က ၁၁ ရက်ပဲ ရှိနေသေးတာပါ။ ဒီနေ့လည်း ပြည်ထောင်စုတရားရုံးလွှတ်တော်ချုပ်တရားသူကြီး ၆ ဦးကို စိစစ်နိုင်ဖို့အတွက် လွှတ်တော်ကို တရက်ရပ်နားထားပြီး၊ မနက်ဖြန် ကြာသပတေးနေ့မှ လွှတ်တော်ပြန်စမှာ ဖြစ်ပါတယ်။

---

# ဦးဇေယျကို ဝေးလံတဲ့ နယ်ထောင်ပို့

**DVB ၊ ဖေဖော်ဝါရီ ၂၂။** ။ X2O သကြြန်မဏ္ဍပ် ပုံးပေါက်ကွဲမှုနဲ့ပတ်သက်ပြီး ဖမ်းဆီးထောင်ချထားတဲ့ ဦးဇေယျကို ဒီကနေ့ အင်းစိန်ထောင်ကနေ နယ်ထောင်ဆီ ပြောင်းရွှေ့လိုက်တယ်လို့ အစ်ကိုဖြစ်သူ ဦးဒေဝက ပြောပါတယ်။

ဒီကနေ့ ကိုစည်သူဇေယျကို ရုံးချိန်းသွားတွေ့စဉ် သိခဲ့ရတာဖြစ်ပြီး ဘယ်ထောင်ကို ပို့လိုက်သလဲဆိုတာကိုတော့ အတိအကျ မသိရသေးဘူးလို့ ဆိုပါတယ်။ ထောင်နဲ့နီးစပ်သူတဦးကတော့ ဦးဇေယျကို အခုလောလောဆယ် မန္တလေးထောင်ဆီ ပို့လိုက်တာဖြစ်ပြီး အဲဒီကနေတဆင့် တခြားထောင်ကို ထပ်ပို့လိမ့်မယ်လို့ ခန်းမှန်းပြောပြပါတယ်။ အခုလို အင်းစိန်ထောင်ကနေ နယ်ထောင်ဆီပြောင်းလိုက်တာဟာ မိသားစုကိုပါ ဒုက္ခရောက်စေလိုတဲ့ အငြိုးနဲ့လုပ်တာဖြစ်နိုင်တယ်လို့ ဦးဒေဝက အခုလို ပြောပါတယ်။

"ဒါတွေကတော့ အားလုံးပဲ အခက်အခဲဖြစ်နေကြတာပေါ့။ အာလုံးပဲ မဖြစ်သင့်တဲ့ကိစ္စတွေပဲ။ အခုတော့ ဘယ်ရောက်နေလဲ မသိဘူး၊ ဒုက္ခရောက်တာပေါ့ ကျန်တဲ့မိသားစုတွေက။ မဖြစ်သင့်တဲ့ကိစ္စတွေ၊ လွန်ကဲတဲ့ကိစ္စတွေ၊ မလိုအပ်ဘဲနဲ့ အငြိုးသဘောဆန်တယ်လို့ ကျနော်တို့ ယူဆတယ်။ ၅ ညတွေကို အဲဒါမျိုးလုပ်လေ့ရှိတယ်။ တကယ့်တကယ် ဒါတွေက ကြီးကြီးမားမားတွေလည်း မဟုတ်ဘူး။ ရာဇဝတ်သားတွေလည်း မဟုတ်ဘူး။ နယ်တွေပို့တယ်ဆိုတာတော့ တမင်ရွေးလုပ်တယ်ဆိုတာ ကျနော်တို့ ကြားကြားနေရတာ၊ အခုတော့ ကိုယ်တိုင်တွေ့ရတာပေါ့နော်။"

ဦးဇေယျကို အခုလ ၄–ရက်နေ့က မတရားအသင်းနဲ့ ဆက်သွယ်မှု၊ မတရားအသင်းမှာ ပါဝင်မှု၊ နယ်စပ်ဖြတ်ကျော်မှု၊ အီလက်ထရောနစ်ပုဒ်မစတဲ့ ပုဒ်မ ၄ မျိုးနဲ့ ထောင် ၁၃ နှစ် ချမှတ်ခဲ့ပါတယ်။ သူ့သား ကိုစည်သူဇေယျကိုလည်း ၄၂၀ သကြြန်မဏ္ဍပ်ပုံးပေါက်ကွဲမှုနဲ့ပဲ ဆက်စပ်ဖမ်းဆီးပြီး အလားတူပုဒ်မတွေနဲ့ ထောင်ဒဏ် ၈ နှစ် ချမှတ်ထားပါတယ်။ ကိုစည်သူဇေယျဟာ နောက်ထပ် အမှုတမှုအတွက် ဆက်လက်တရားရင်ဆိုင်နေရဆဲဖြစ်ပါတယ်။

# ပြည်ထောင်စုစာရင်းစစ်ချုပ်ကို ဦးလွန်းမောင်ကို လွှတ်တော်ကအတည်ပြု

**DVB ၊ ဖေဖေါ်ဝါရီ ၂၂॥** ॥ ဒီကနေ့ နေပြည်တော်မှာ ကျင်းပပြုလုပ်နေတဲ့ ၁၁ မြောက် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကနေ မနေ့ကအဆိုတင်ထားတဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်အဖြစ် ဗိုလ်ချုပ်ဟောင်း ဦးလွန်းမောင်ကို အတည်ပြုလိုက်သလို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ တာဝန်ထမ်းဖို့ တရားသူကြီး ၆ ဦးရဲ့ အမည်စာရင်းတွေကို သမ္မတက အဆိုတင်သွင်းလိုက်တယ်လို့ သိရပါတယ်။

နိုင်ငံရဲ့တရားစီရင်ရေးမှာ အမြင့်ဆုံးတရားရုံးတခုဖြစ်လာမယ့်ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးရဲ့ တရားသူကြီးချုပ်ဖြစ်တဲ့ ဗိုလ်ချုပ်ဟောင်း ဦးထွန်းထွန်းဦးနဲ့အတူ တွဲဖက်တာဝန်ထမ်းဆောင်ဖို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီး ၆ ဦးရဲ့ အမည်စာရင်းတွေကို တရားသူကြီးချုပ်နဲ့ညှိနှိုင်းပြီး သမ္မတက ဒီကနေ့ လွှတ်တော်အစည်းအဝေးမှာ အဆိုတင် သွင်းလိုက်တာပါ။ ဒီလိုအဆိုပြုလိုက်တာကို လွှတ်တော်အစည်းအဝေးတက်နေတဲ့ ကြံ့ခိုင်ရေးပါတီရဲ့ပြောခွင့်ရ ကိုယ်စားလှယ်တဦးဖြစ်တဲ့ ဇေကမ္ဘာဦးခင်ရွှေက အခုလို အတည် ပြုပြောဆိုပါတယ်။

"ဒီနေ့ပြောရမယ်ဆိုရင်တော့ တက်ရောက်ခွင့် ၆၅၈ ဦး၊ ၆၅၄ တက်တယ်။ ထုံးစံအတိုင်း ၄ ယောက်ပျက်တယ်။ မနေ့က တင်သွားတဲ့အတိုင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ဦးလွန်းမောင် ကန့်ကွက်ချက် တစုံတရာ မရှိတဲ့အတွက် ပြည်ထောင်စုလွှတ်တော်က သဘောတူလိုက်တယ်။ ဒီနေ့ သမ္မတကြီးကနေ ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ညှိနှိုင်း၍တင်ပြသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများကို အမည်စာရင်းတင်သွင်းတယ်။ အမည်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ အဲလိုတတ်ပါတယ်။"

သမ္မတနဲ့တရားသူကြီးချုပ်က အဆိုတင်လိုက်တဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးတွေမှာ ဦးသာဌေး (ပြည်ထောင်စုရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင်)၊ ဦးစိုးညွန့် (ညွှန်ကြားရေးမှူးချုပ် တရားစီရင်ရေး၊ တရားရုံးချုပ်၊ နေပြည်တော်)၊ ဦးမြသိန်း (ညွှန်ကြားရေးမှူးချုပ် စီမံရေးရာဌာန၊ တရားရုံးချုပ် (နေပြည်တော်)၊ ဦးမြင့်အောင် (ရန်ကုန်တိုင်း၊ တိုင်းဒေသကြီးတရားသူကြီး)၊ ဦးအောင်ဇော်သိန်း (ဒုတိယ အထွေထွေမန်နေဂျာ၊ စာချုပ်စာတမ်းနှင့် စီမံကိန်းရေးရာဌာနခွဲ) နဲ့ဦးမြင့်ဟန် (ဒုညွှန်ချုပ်သတ္တုတွင်းဝန်ကြီးဌာန) တို့ ဖြစ်ကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးကို တရားသူကြီးချုပ်အပါအဝင် အဖွဲ့ဝင် တရားသူကြီး ၇ ဦးကနေ ၁၁ ဦးအထိ ခန့်ထားနိုင်တယ်လို့ ဖော်ပြထားတာကြောင့် အနည်းဆုံးအရေအတွက်နဲ့ အဆိုတင်သွင်းလိုက်တာလည်း ဖြစ်ပါတယ်။

အလားတူ ဒီကနေ့မှာ ပြည်နယ်နဲ့တိုင်းဒေသကြီးအသီးသီးကလွှတ်တော် တွေမှာလည်း တရားသူကြီးချုပ်တွေနဲ့ လွှတ်တော်ဥက္ကဋ္ဌတွေက တရားလွှတ်တော်မှာတာဝန်ထမ်းဆောင်မယ့် တရားသူကြီးတွေရဲ့အမည်တွေကိုအဆိုတင်သွင်းခဲ့ကြတယ်လို့ပြည်နယ်နဲ့တိုင်းလွှတ်တော်အမတ်အချို့ကဆိုပါတယ်။

---

## ပြကွဒိန်မှ

**ဖေဖေါ်ဝါရီ ၂၄ ၊ ILO ॥ ॥** ကမ္ဘာ့အလုပ်သမားအဖွဲ့သည် မြန်မာတွင်အဓမ္မလုပ်အားကိစ္စ ဆက်လက်လျော့လာသုံးသပ်ရန် မြန်မာအစိုးရမှ သဘောတူခဲ့၏။

**ဖေဖေါ်ဝါရီ ၂၄ ၊ Mizzima॥ ॥** နအဖ၏ စစ်မှုမထမ်းမနေရ ဥပဒေကြောင့် ကချင်လွတ်မြောက်ရေးတပ်သို့ ပြေးဝင်လာသူ ကချင်လူငယ် ၁၀၀ ခန့်ရှိကြောင်း ကေအိုင်အိုအရာရှိတဦးမှဆို၏။

**ဖေဖေါ်ဝါရီ ၂၄ ၊ DVB ॥ ॥** ကချင်ပြည်နယ်တွင် ရဟတ်ယဉ်ပျက်ကျ၍သောင်တင်နေသော တေဇအား ကြေးစား ထိုင်းရဟတ်ယဉ်မှကယ်တင်၍ ပူတာအိုသို့ ပို့ခဲ့ကြောင်း။

**ဖေဖေါ်ဝါရီ ၂၄ ၊ Irrawaddy ॥ ॥** မြန်မာတိုင်းမ်စ်းမှ ဒန်ကလေအား ဖမ်းဆီးစွဲဆိုသလို မိမိတို့လည်း စွဲဆိုခံရမည်ကို မြန်မာသတင်းလောကမှ စိုးရိမ်နေကြောင်း။ ဒန်ကလေအား အမျိုးသမီးတဦးအား မူးယစ်ဆေးပေး၍ မတော်မတရားပြုမှုအပါအဝင် စွဲချက်သုံးချက်ဖြင့် စွဲဆိုထားကြောင်း။

**ဖေဖေါ်ဝါရီ ၂၄ ၊ CNN ॥ ॥** မြန်မာတိုင်းမ်စ်မှ ထုတ်လုပ်သူနှင့် အယ်ဒီတာ Dunkley တရားရုံးမှ အာမခံမပေး ထပ်မံချုပ်နှောင်ထားကြောင်း။

**ဖေဖေါ်ဝါရီ ၂၄ ၊ VOA ॥ ॥** ဒေါ်အောင်ဆန်းစုကြည်သည် အရှေ့အလယ်ပိုင်း ဒီမိုကရေစီတောင်းဆိုဆန္ဒပြမှု၊ အောင်မြင်မှုများနှင့် မြန်မာအခြေအနေနှင့် လူထု၏ အာရုံစိုက်မှုများကို နှိုင်းယှဉ်ပြောဆို၏။

**ဖေဖေါ်ဝါရီ ၂၄ ၊ UN ॥ ॥** မြန်မာ၏ လူ့အခွင့်အရေးဖေါက်ဖျက်မှုသည် အိမ်နီးချင်းနိုင်ငံများအား ဒုက္ခသည်များဖြင့် ဝန်ပိစေကြောင်း ကုလသမဂ္ဂ၏မြန်မာလူ့အခွင့်အရေးဆိုင်ရာ အထူးအရာရှိ သောမတ်စ် ကင်တာနာမှ ဆို၏။

**ဖေဖေါ်ဝါရီ ၂၅ ၊ Free Malaysia Today ॥ ॥** မြန်မာနိုင်ငံ၏ အခြေအနေများကြောင့် မြန်မာများစွာသည် ဒုက္ခသည်များဖြစ်ခါ အခြားနိုင်ငံများတွင် မှီခိုနေရခြင်း၊ တရားမဝင်လုပ်သားများအဖြစ်လုပ်နေရခြင်းများကို ယူကြုံးမရကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ ကွာလာလမ်ပူသတင်းလောကမှ ဖုံးဖြင့် မေးမြန်းချက်တွင်ဆို၏။

**ဖေဖေါ်ဝါရီ ၂၅ ၊ AFP ॥ ॥** အဲန်အဲလ်ဒီ (လွတ်မြောက်နယ်မြေ) NLD(L.A) စသည်တို့နှင့် ဆက်သွယ်သူ ဘိုဘိုသိန်းအပါအဝင် လူငါးဦးအား ဖုံးခွဲမှုနှင့်ဖမ်းပြီး၊ တရားရုံးမှ အပစ်မတွေ့၍ အခြားအမှုများဖြင့် ထောင်ဒဏ် ၁၁ နှစ်အထိ ချမှတ်၏။

**ဖေဖေါ်ဝါရီ ၂၅ ၊ Radio Australia ॥ ॥** ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာတိုင်းမ်းစ် အယ်ဒီတာ Ross Dunkley အား ကိုယ်ခြင်းစာကြောင်းဖြင့် ဆို၏။

**ဖေဖေါ်ဝါရီ ၂၅ ၊ Asian Correspondent ॥ ॥** နအဖသည် ကေအိုင်အိုတပ်များအပါအဝင် တိုင်းရင်းလက်နက်ကိုင်အဖွဲ့များဖက်သို့ တပ်အင်အား ဖြည့်ခြင်း တင့်ကားများပို့ ခြင်းများပြုနေ၏။

**ဖေဖေါ်ဝါရီ ၂၅ ၊ AHN॥ ॥** အကူအညီပေးရေးဆွေးနွေးမှုအောင်မြင်မှုသည်အထိ ဆွေးနွေးမည်ဟု မြန်မာရောက် အမေရိကန်သံတမန် Larry Dinger မှဆို၏။

**ဖေဖေါ်ဝါရီ ၂၅ ၊ Star Online॥ ॥** မြန်မာအပေါ် ပိတ်ပင်မှုများရုပ်သင့်ကြောင့် မြန်မာဆိုင်ရာလူ့အခွင့်မအရေးအရာရှိဟောင်း ရာဇာလီမှဆို၏။

**ဖေဖေါ်ဝါရီ ၂၅ ၊ Irrawaddy ॥ ॥** ငွေစက္ကူသစ် ထွက်မည့်သတင်းကြောင့် ဆန်ဈေး စသည်တို့ တက်နေ၏။

**ဖေဖေါ်ဝါရီ ၂၅ ၊ Irrawaddy ॥ ॥** လွှတ်တော်အမတ် ၆၅၈ ဦးအား လွှတ်တော်အပြီးတွင် ဘောနပ်ငွေ ၆ သိန်းစီပေးခဲ့ကြောင်း။

**ဖေဖေါ်ဝါရီ ၂၅ ၊ Asia Times Online॥ ॥** ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ နအဖ၏ မြန်မာတွင် ပြည်သူပိုင်လုပ်ငန်းများစွာကို ပုဂ္ဂလိကလက်သို့ လွှဲခြင်းသည် အာရှဈေးကွက်ကို လှုပ်ရှားစေမည်ဟု Clifford McCoy မှ သတင်းဝေဖန်၏။

# အောင်လံမြို့နယ်မှ တောင်သူများ အခကြေးငွေမရဘဲ အဓမ္မခိုင်းစေခံရ

**DVB ၊ ဖေဖော်ဝါရီ ၂၁ ။** ။ နအဖ အကြီးအကဲ ဗိုလ်ချုပ်ကြီးဟောင်း သူရရွှေမန်းရဲ့သား ဦးဆောင်တဲ့ ဇေကမ္ဘာ ကုမ္ပဏီက မကွေးတိုင်း အောင်လံမြို့နယ်မှာ တောင်သူတွေကို အခကြေးငွေမပေးဘဲ အဓမ္မခိုင်းစေတဲ့အတွက် မကျေနပ်လို့ အိုင်အယ်လ်အိုထံတိုင်တဲ့ ရွာသားတွေကို ခြိမ်းခြောက်နေတယ်လို့ တောင်သူတွေက ပြောပါတယ်။

အောင်လံမြို့နယ်၊ ခတ်စောင်းကျေးရွာအုပ်စုထဲမှာပါပြီး ရိုးမအခြေမှာ တည်ထားတဲ့ ပန်းတဲကုန်းရွာအနီးမှာ ကျွန်းစိုက်ခွင့်ရတဲ့ ဇေကမ္ဘာကုမ္ပဏီက ပန်းတဲကုန်းရွာတောင်သူ ငါးဆယ်လောက်ကို ဦးသူရရွှေမန်းရဲ့သားတိုးနိုင်မန်းရဲ့ ဇေကမ္ဘာကုမ္ပဏီက အခကြေးငွေမပေးဘဲ ခိုင်းစေခဲ့တာလို့ကာယကံရှင် တောင်သူတွေက ပြောပါတယ်။ ရိုးမအခြေမှာ သစ်စိုက်ဖို့အကွက် အတွက် ဇေကမ္ဘာကုမ္ပဏီရဲ့ ဒါရိုက်တာဦးတိုးနိုင်မန်းကနေ ခန့်ထားတဲ့ ကျွန်းစိုက်ခင်းတာဝန်ခံတပ်ကြပ်ကြီးဟောင်း ဦးတင်မောင်ဆွေဟာ ပန်းတဲကုန်းရွာက အိမ်ထောင်စုဝင် ငါးဆယ်ခန့်ကို ၂၀၀၉ ခုနှစ်မှာ ဧက ငါးဆယ် ခုတ်ထွင် ရှင်းလင်းစိုက်ပျိုးခိုင်းပြီး ၂၀၁၀ ခုနှစ်မှာ ဧက ၂၃၅ ဧက ခုတ်ထွင်ရှင်းလင်းစိုက်ပျိုးခိုင်းတယ်လို့ ရွာသား ကိုကျော်လင်းက ပြောပါတယ်။

ဒီလို နှစ်နှစ်ဆယ်ဆက်တိုက် ဧက ၂၈၅ ခုတ်ထွင်းရှင်းလင်းခိုင်းတာမှာ အခကြေးငွေမပေးတဲ့အပြင် ကိုယ့်ဓား၊ ကိုယ့်တူရွင်းနဲ့ကိုယ် ကျွန်းစိုက်ပေးရတာလို့ပြောပါတယ်။ ကုမ္ပဏီအတွက် မစိုက်ပေးရင် ရွာကနေ ထွက်ခွာပေးရမယ်လို့ ခြိမ်းခြောက်တာကြောင့် လုပ်ပေးရတာပါလို့ဆိုပါတယ်။ သူတို့ဟာ ဒီရွာလေးတည်ထားပြီး နေထိုင်နေတာ နှစ်ပေါင်းနှစ်ဆယ်ကျော်နေ ပါပြီလို့ ကိုကျော်လင်းက ပြောပါတယ်။ ကျွန်းစိုက်ခင်းတာဝန်ခံ ဦးတင်မောင်ဆွေဟာ ရိုးမက တရားမဝင်သစ်တွေကို အပြင်ကို ခိုးထုတ်ဖို့ တန်ချိန်ငါးရာလောက်ကို ရွာနဘေးနားမှာ ပုံထားတယ်လို့ ကိုကျော်လင်းက ပြောပြပါတယ်၊

"အခုခိုင်းနေတာ ဦးတိုးနိုင်မန်း ဦးစီးသော ဇေကမ္ဘာကုမ္ပဏီ လီမိတက်ဖြစ်ပါတယ်။ အခုခိုင်းတာတော့ တပ်ကြပ်ကြီး တင်မောင်ဆွေဖြစ်ပါတယ်၊ စိုက်ခင်းတာဝန်ခံ၊ သူက ကျနော်တို့ကို ကျွန်းစိုက်ခိုင်းပါတယ်၊ တလလောက် တပြားမှမပေးပါဘူး။ သူတို့က အဓမ္မခိုင်းတော့ ကျနော်တို့က စိုက်ပေးနေရတယ်။ ကျနော်တို့က ရွာကို မစွန့်ခွာနိုင်တော့ ကြောက်လို့ စိုက်ပေးရတာပါ။ သူက လာလို့ရင် ၇၁ တပ်ရင်းက စစ်သားတွေလည်း ခေါ်လာပါတယ်၊ ရဲစခန်းက ရဲတွေလည်းခေါ်လာတယ်။ အဲဒီမှာ စစ်ကြောင်းစစ်ကြောင်းဆိုပြီး ဦးတင်မောင်ဆွေက ကျနော်တို့နေရာမှာ ဗန်းပြပြီးတော့ ခြိမ်းခြောက်ခိုင်းနေတာပါ။ မနေရမှာဆိုးလို့၊ လယ်တွေယာတွေနဲ့စွန့်ခွာရမှာဆိုးလို့ ကျနော်တို့ ကြောက်လို့ လုပ်ပေးရတာပါ။"

ဒီခိုင်းစေမှုကို အောင်လံမြို့ပေါ်ကလာရောက်တဲ့ စစ်တပ်နဲ့ နယ်မြေခံရဲတွေက လုံခြုံရေးယူပေးတယ်လို့ ရွာသားက ပြောပါတယ်။ ဒီကိစ္စကို ရွာသား ၂၇ ဦးက လက်မှတ်ထိုးပြီး ရန်ကုန်အခြေစိုက် အိုင်အယ်လ်အိုဆက်ဆံရေးရုံးထံကို လလယ်ပိုင်းမှာ ဇန်နဝါရီ ၂၀၁၀ မှာ တိုင်တန်းခဲ့ပါတယ်၊ ဒီတိုင်တန်းမှုအပြီးမှာတော့ ကျွန်းစိုက်ခင်းတာဝန်ခံ တပ်ကြပ်ကြီးဟောင်း ဦးခင်မောင်ဆွေဟာ ရွာသားတွေကို ဆင့်ခေါ်ပြီး သေနတ်ပြ ခြိမ်းခြောက်ပြောဆိုတယ်လို့ ရွာသားတဦးက ပြောပြပါတယ်။

"ကျည်ဆန်တတောင့်ကို ၁၅၀၀ တန်တယ်လို့ ကျနော်တို့ကို ကျည်ဆန်လည်းထုတ်ပြတယ်၊ သေနတ်လည်း ထုတ်ပြတယ်။ ထပ်ပြီးတော့ ခြိမ်းခြောက်တယ်၊ မစိုက်ချင်ရင် ပစ်မယ်ပေါ့။ အိုင်အယ်လ်အိုကိုလည်း နှင်ထုတ်မယ်ပေါ့။ အမျိုးမျိုးလိမ်လည်ပြီးတော့ နှိပ်စက်နေပါတယ်။ ဦးတင်မောင်ဆွေနဲ့ ပါလာတဲ့ တပ်ကြပ်ကြီး ဦးကုလားက ထုတ်ပြတာပါ၊ အစည်းအဝေးခေါ်တဲ့နေ့မှာ။"

ကျွန်းစိုက်ခင်းတာဝန်ခံ ဦးတင်မောင်ဆွေက ရိုးမက ကျွန်းတွေကို တရားမဝင် ခိုးထုတ်ဖို့ တန်ချိန် ၅၀၀ လောက်ကို ရွာနံဘေးနားမှာ ပုံထားတယ်လို့လည်း ကိုကျော်လင်းက ပြောပြပါတယ်။

"အဲဒါ အခုတရားမဝင် သစ်ရိုင်းတွေကို ဆင်တွေနဲ့ ဆွဲပြီးတော့ အစိုးရဆင်တွေကော ပုဂ္ဂလိက ဆင်တွေကော ငှားပါတယ်။ ငှားပြီးတော့ ခိုးထုတ်ဖို့ ပုံထားပါပြီ၊ တရားဝင်။"

လိုင်စင်ရလို့ လုပ်တာကော မဖြစ်နိုင်ဘူးလား။

"သူတို့ရတာ ဘယ်လိုလဲဆိုတော့ ဒီစိုက်ခင်းသစ်လုံးလေးတွေကို ၂ ပေခွဲ၊ ၃ပေ၊ ရောပြီး နိုင်ငံတော်ကို သွင်းရမယ်လို့ ကျနော်တို့ကြားသိရတယ်။ သစ်လုံးကြီးတွေ ၁၀ ပေ၊ ၁၂ ပေ၊ ၁၃ ပေ သစ်လုံးတွေတော့ တရားဝင် နိုင်ငံတော်က ခွင့်မပြုပါဘူး။ အဲဒီသစ်လုံးကြီးတွေက အကွက်နံပါတ် ၁၀၆ နဲ့ ၁၀၇ မှာ ပုံထားပါတယ်။" အခုလောလောဆယ် ဦးခင်မောင်ဆွေက ရွာရဲ့ဝါးခင်းတွေထဲကို ဆင်တွေမောင်းသွင်းပြီး ဝါးခင်းတွေကို ဖျက်ဆီးနေတယ်လို့ ကြားသိရပါတယ်။ ဒီကိစ္စကို မကျေနပ်လို့ တောင်သူတွေက မြို့ပေါ်တက်လာပြီး အိုင်အယ်လ်လို ဆက်ဆံရေးရုံးကို ထပ်မံတိုင်ကြားဖို့ ပြင်ဆင်နေပါတယ်။"

---

# မွန်ပြည်သစ်ပါတီမှ နိုင်ထာဝရကွယ်လွန်

**DVB ၊ ဖေဖော်ဝါရီ ၂၂ ။** ။ မွန်ပြည်သစ်ပါတီရဲ့ ဗဟိုအလုပ်အမှုဆောင် နိုင်ထာဝရ ( ၅၂) နှစ်ဟာ ဒီမနက်စောစောပိုင်းမှာ အသက်ရှုကြပ်ပြီး ကွယ်လွန်သွားပါတယ်။ သွေးတိုးနဲ့ ဆီးချိုရောဂါအခံတွေရှိတဲ့ နိုင်ထာဝရဟာမွန်ပြည်နယ် ရေးချောင်းဖျားက ပါတီဌာနချုပ်မှာ ဒီမနက် ၂ နာရီ ၁၅ မှာ ကွယ်လွန်ခဲ့တာလို့ ပါတီဗဟိုအလုပ်အမှုဆောင် နိုင်တလညီက ပြောပါတယ်။

နိုင်ထာဝရကွယ်လွန်မှုဟာ တန်းတူရေးနဲ့ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရေးအတွက် တိုက်ပွဲဝင်နေတဲ့ မွန်ပြည်သစ်ပါတီအတွက် ကြီးမားတဲ့ ဆုံးရှုံးမှုတခုဖြစ်ပါတယ်လို့ နိုင်တလညီက ပြောပါတယ်။

"ကျနော်တို့ ပါတီထဲမှာတော့ လွတ်လပ်ရေးတို့၊ သီးခြားခွဲထွက်ရေးတို့ ဆိုတဲ့အမြင်တွေက မရှိသလောက်ပေ့ါနော်။ အများအားဖြင့် တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေး၊ အဓိက ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး အပေါ်မှာပဲ အမြင်ရှိကြတာပေ့ါနော်။ ဒီအပေါ်မှာလည်း ကျနော်တို့ပါတီရဲ့ အမြင်သဘောထားလမ်းစဉ်တွေအပေါ်မှာလည်း နိုင်ထာဝရက လုံးလုံးလျားလျား လက်ခံတဲ့ ပုဂ္ဂိုလ်တယောက်ဖြစ်ပါတယ်။ အခုချိန်ကာလမှာလည်း စစ်ရေးပိုင်းမှာလည်း ကျွမ်းကျင်တဲ့ စစ်ရေးအတွေ့အကြုံရှိတယ်၊ နောက်စစ်ရေးဘက်မှာလည်း အရည်အချင်းရှိတဲ့ခေါင်းဆောင်တယောက် ဒီကာလမှာဆုံးရှုံးသွားခြင်းအားဖြင့် ကျနော်တို့ပါတီအတွက်ကတော့ အတိုင်းအတာ တခုထိကတော့ ဆုံးရှုံးမှုကြီးတယ်လို့ပဲ ဆိုရမှာပေ့ါနော်။"

နိုင်ထာဝရကွယ်လွန်ချိန်မှာ ဇနီး၊ သားနဲ့သမီး သုံးဦး ကျန်ရစ်ပါတယ်။ နိုင်ထာဝရကို အဖနိုင်ရှိန် (ကွယ်လွန်) နဲ့ အမိအအမည် မိပေးတို့ကနေ ၁၉၅၉ ခုနှစ်မှာ မုဒုံမြို့နယ် ကမာဝက်ကျေးရွာမှာဖွားမြင်ပါတယ်။ သူဟာ ၁၉၇၆ ခုနှစ်မှာ ဆယ်တန်းကျောင်းသားဘဝနဲ့ မွန်ပြည်သစ်ပါတီထဲကိုဝင် ရောက်တယ်။ ၁၉၇၈ ခုနှစ်ကုန်ပိုင်းမှာ ပါတီကနေ နားပြီး ၁၉၈၁ မှာ ပါတီ တွင်းပြန်ဝင်ပါတယ်။ တပ်ဘက်မှာ အဓိကတာဝန်ယူပြီး မုဒုံမြို့နယ်တပ်မှူး၊ ရေးမြောက်ပိုင်းတပ်မှူး၊ မော်လမြိုင်ခရိုင် ဒုတပ်ရင်းမှူး၊ အမှတ် (၁၁၁) ဒုတပ်ရင်းမှူး၊ အမှတ် (၇၇၇) တပ်ရင်းမှူးတာဝန်နဲ့ ၁၉၉၉ ခုနှစ်ထိ တာဝန်ယူခဲ့တယ်။

၂၀၀၀ ပြည့်နှစ်ကစပြီး ပါတီအုပ်ချုပ်ရေးဘက်ကို ပြောင်းပြီးတော့ ၂၀၀၅ ခုနှစ်ထိ သထုံ၊ ထားဝယ်နဲ့ မော်လမြိုင်ခရိုင်ဥက္ကဋ္ဌတာဝန်တွေကို ထမ်းဆောင်ခဲ့ပါတယ်။ အပစ်ရပ်ဆဲကာလ ၂၀၀၆ ခုနှစ်မှာ ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး ၂၀၀၈ အထိ သုံးနှစ်ဆက်တိုက် ပါတီရဲ့ ပြည်တွင်းတာဝန်ခံအဖြစ် တာဝန်ပေးခံရပါတယ်။ ကွယ်လွန်ချိန်မှာ ဗဟိုဌာနချုပ်အုပ်ချုပ်ရေးဌာနကြီးရဲ့ တာဝန်ခံလည်း ဖြစ်ပါတယ်။

# သကြံ်န်ဖုံးပေါက်ကွဲမှုဖြင့် ဖမ်းဆီးခံထားရသည့် လူငယ် ၅ ဦးကို နှစ်ရှည်ထောင်ချ

**DVB । ဖေဖေါ်ဝါရီ ၂၂ ။** ။ ၂၀၁၀ သင်္ကြန်အကြတ်နေ့ X2O မဏ္ဍပ် ဗုံးပေါက်ကွဲမှုနဲ့ပတ်သက်ပြီး မသင်္ကာမှုနဲ့ ဖမ်းဆီးခံပြီး တရားစွဲထားတဲ့ ကမာရွတ်မြို့နယ်က လူငယ် ၅ ဦးကို ဒီကနေ့နှစ်ရှည်ထောင်ဒဏ် အသီးသီးချမှတ်လိုက်ပါတယ်။

ပြီးခဲ့တဲ့နှစ် သင်္ကြန်အကြတ်နေ့မှာ X2O မဏ္ဍပ်ဗုံးပေါက်ကွဲမှုနဲ့ပတ်သက်ပြီး စစ်ဆေးစရာရှိတယ်ဆိုပြီး ရန်ကုန်တိုင်းက ကမာရွတ်မြို့နယ်မှာနေတဲ့ ကိုဘိုဘိုသိန်း၊ ကိုသောင်းထိုက်ဦး၊ ကိုမျိုးမင်းသူ (ခေါ်) မျိုးကြီး၊ ကိုရန်နောင်စိုးနဲ့ ကိုသော်စင်တို့ကို အာဏာပိုင်တွေက ဒီကနေ့နှစ်ရှည်ထောင်ဒဏ် ချမှတ်လိုက်တာပါ။ သူတို့ငါးဦးထဲက ကိုမျိုးမင်းသူ၊ ကိုသော်ဇင်၊ ကိုဘိုဘိုသိန်းတို့ သုံးဦးကိုတော့ အလုံတရားရုံးကနေပြီး ဒီနေ့ခင်း ၁ နာရီမှာ ထောင်ဒဏ် ဖြ နှစ်စီ ချမှတ်လိုက်တာဖြစ်သလို ညနေ ၃ နာရီကျော်လောက်မှာတော့ ကမာရွတ်တရားရုံးက သူတို့ငါးဦးလုံးကို ၂ နှစ်စီချမှတ်လိုက်တာကြောင့် အားလုံးပေါင်း တဦးကို ထောင်ဒဏ် ၈ နှစ်စီချမှတ်လိုက်တာဖြစ်ပါတယ်။

ဒ့ါအပြင် ကိုဘိုဘိုသိန်းတဦးတည်းကိုတော့ ကမာရွတ်တရားရုံးကနေ နောက်ထပ် မူးယစ်ပုဒ်မနဲ့ ထောင်ဒဏ် ၃ နှစ် ထပ်မံချမှတ်လိုက်တဲ့အတွက် ကိုဘိုဘိုသိန်းတဦးတည်း ၁၁ နှစ် ချမှတ်ခံရတာလို့ ဒီနေ့ တရားရုံးကို တက်ရောက်ခဲ့တဲ့ ကိုဘိုဘိုသိန်းရဲ့အဖေ ဦးဟံသိန်းက ပြောပါတယ်။

“ဘိုဘိုသိန်းက အားလုံးပေါင်းလေးမှုပေ့ါ။ ၁၃–၁နဲ့က (၃)နှစ်၊ ၁၇–၁/၂ က (၃) နှစ်၊ ၅၀၅ (ခ) က ၂ နှစ်၊ မယ ၁၅ က (၃) နှစ်၊ သူက ၁၃–၁၇–၅၀၅ မှာက ချုပ်ရက်ခံစားခွင့်ရှိတယ်လို့ ပြောတယ်။ ဒါပေမယ့် မယ ၁၅ ကိစ္စမှာတော့ ချုပ်ရက်ခံစားခွင့် မရှိဘူးလို့ ပြောထားတယ်။ ချုပ်ရက်မနုတ်ပေးဘူးဆိုရင် ၁၁ နှစ် ဖြစ်သွားမယ်။ ကျန်တဲ့လေးယောက်မှာ ၂ ယောက်က (၂) မှုနဲ့ ရင်ဆိုင်ရတဲ့ ၂ယောက်ပါ။ အားလုံးသူတို့လည်း ချုပ်ရက်မနုတ်ဘူးဆိုရင် ၈ နှစ်ဖြစ်သွားတာပေ့ါ။ ၁၃–၁ နဲ့က (၃) နှစ်၊ ၁၇–၁/၂ က (၃)နှစ်၊ ၅၀၅ (ခ) က ၂နှစ်၊ တကယ်လို့ ချုပ်ရက်နုတ်မယ်ဆိုရင်တော့ သုံးနှစ်က ၂ နှစ်ဖြစ်မယ်။ ၂ နှစ်က ၁ နှစ် ဖြစ်မယ်။”

အာဏာပိုင်တွေက သူတို့ ၅ ဦးကို ဥပဒေပုဒ်မ ၅၀၅ (ခ) – အစိုးရသို့မဟုတ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေမှု၊ လူဝင်မှုကြီးကြပ်ရေး အရေးပေါ်ပြဋ္ဌာန်းချက် ဥပဒေပုဒ်မ ၁၃/၁–၂ နဲ့ ပုဒ်မ ၁၇/၁ တရားမဝင်အသင်းနဲ့ ဆက်သွယ်မှု ပုဒ်မတို့နဲ့ တရားဆွဲဆိုခဲ့တာဖြစ်ပါတယ်။ ကိုဘိုဘိုသိန်းကိုတော့ အဲဒီအမှုတွေအပြင် နောက်ထပ် မူးယစ်ဆေးဝါး သုံးစွဲမှုနဲ့ ထပ်မံတရားစွဲဆိုခဲ့ပြီး စုစုပေါင်း ၄ မှုနဲ့ ဒီနေ့စီရင်ချက်ချမှတ်ခဲ့တာဖြစ်ပါတယ်။ ဖခင်ဖြစ်သူ ဦးဟံသိန်းက သူ့ခံစားချက်ကို အခုလို ပြောပါတယ်။

“ပြောရမယ်ဆိုရင်တော့ အားလုံးပဲ နည်းနည်းနားစွင့်ပြီးတော့ ရင်ထဲမှာခံစားကြည့်ပေ့ါ။ ဟုတ်လို့ခံရရင်တော့ အကြောင်းမဟုတ်ဘူး။ ဖြစ်တဲ့ကိစ္စက X2O ကိစ္စလေ။ ကျနော့်သားလေး အညွန့်တုံးရုံပဲပေ့ါ၊ ခံတော့ ခံစားရတာပေ့ါ။ သားသမီးချင်း ကိုယ်ချင်းစာနာမှု မရှိတဲ့အပိုင်းတွေ။ သက်သေမရှိဘဲနဲ့ ရဲစစ်ချက်ယူပြီးတော့မှ ဖြစ်ခဲ့တဲ့အမှုပေ့ါ။ အမှုလို့ ယူဆရင်တော့ အဲဒီရှိတဲ့ လူငယ်တွေပေ့ါ။ အညွန့်တုံးတာနဲ့ မတူဘူးလားလို့။ ဖြစ်လို့ခံစားရ တာတော့ အန် ကယ်တို့ ဝမ်းမနည်းပါဘူး။ အပြစ်မရှိဘဲနဲ့ ရဲကစစ်ကြော ရေးလုပ်ပြီးမှ ဖြစ်ပျက် ခဲ့တဲ့ကိစ္စ တော်တော်ခံစားရတာ ရင်ထဲတော့ မကောင်းပါဘူး။

အခုလဆန်း ၂ ရက်နေ့တုန်းက အာဏာပိုင်တွေက သင်္ကြန်ဗုံးပေါက်မှုနဲ့ ဖမ်းဆီးတရားစွဲဆိုထားတဲ့ တောင်ဒဂုံမြို့နယ်က အသက် ၂၂ အရွယ် ကိုကောင်းမြတ်လှိုင်ကို အလုပ်နဲ့ ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ပြီး ဗုံးကွဲပြီးနောက် ဓာတ်ပုံရိုက်ကူးခဲ့တဲ့ကိုစည်သူဇေယျနဲ့ ဖခင်ဦးဇေယျကိုလည်း နှစ်ရှည်ထောင်ဒဏ်တွေချမှတ်ခဲ့ပါတယ်။

# ဒု–ပင်လုံညီလာခံအရေးလှုပ်ရှားသူ ဝန်ခံကတိထိုးခိုင်း

**RFA । ဖေဖော်ဝါရီ ၂၂ ။** ။ ချင်းပြည်နယ်မြောက်ပိုင်း တီးတိန်မြို့နယ်မှာ ပြီးခဲ့တဲ့ ချင်းအမျိုးသားနေ့က ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်လှုပ်ရှားနေတဲ့ ဒုတိယ ပင်လုံညီလာခံထောက်ခံရေး လှုပ်ရှားခဲ့သူ လူငယ် ၄ ဦးကို အာဏာပိုင်တွေက ဒီကနေ့ ဖေဖော်ဝါရီ ၂၂ရက်မှာ ထပ်မံခေါ်ယူပြီး နောင်အလားတူမလုပ်ဆောင်ဖို့ ဝန်ခံကတိတောင်းခဲ့တယ်လို့ သိရပါတယ်။

အဲဒီ ဇိုမီးချင်း လူငယ် ၄ ဦးကတော့ နှံ့ရှံသွမ် ၊ ကျင်ရှံသွမ်း ၊ ထန်လျှံဆွမ်နဲ့ဆွမ်မန်းတို့ဖြစ်ကြပြီးသူတို့ဟာဒီလ ၂၀ရက်ချင်းအမျိုးသားနေ့ကျင်းပခဲ့တဲ့ တီးတိန်မြို့ ကမ်ပေါင်း အားကစားကွင်းအတွင်းမှာ ‘ဒုတိယ ပင်လုံညီလာခံကို ကြိုဆိုပါ၏’ ဆိုတဲ့ ပိုစတာတွေ ၊ စာတမ်းတွေ ကပ်ခဲ့တဲ့အတွက်ကြောင့် အဖမ်းခံခဲ့ရပါတယ်။

သူတို့ကို ဖမ်းဆီးလိုက်တဲ့အတွက် အဲဒီ ချင်းအမျိုးသားနေ့ ပွဲပျက်သွားခဲ့ပြီး ဒါကိုမကျေနပ်တဲ့ ဇိုမီးချင်းလူငယ် ၂၀၀ ကျော် ၃၀၀ လောက်က ရဲစခန်းကိုဝိုင်းဆန္ဒပြမှ ပြန်လွှတ်ပေးတယ်လို့ တီးတိန်မြို့ခံတဦးက RFA ကို ပြောပါတယ်။ အဲဒီလူငယ်တွေကို ရဲတွေကပြန်လွှတ်ပေးလိုက်ပေမဲ့ သူတို့နဲ့ အတူသိမ်းဆည်းသွားတဲ့ အသံချဲ့စက်ကိုတော့ အခုအထိ ပြန်မပေးသေးဘူးလို့ သိရပါတယ်။

ပြီးခဲ့တဲ့ ချင်းအမျိုးသားနေ့က တီးတိန်မြို့တင်သာမက တွန်းဇံ၊ကလေးမြို့နယ်နဲ့ အိန္ဒိယနယ်စပ်က ကျီခါးမြို့နယ်ခွဲအထိ ‘ဒုတိယ ပင်လုံညီလာခံကို ထောက်ခံပါ၏’ ဆိုတဲ့ ပိုစတာတွေကို ကပ်ထားတယ်လို့ သိရပါတယ်။

# ရက်ပိုင်းအတွင်း ဆန်ချောဈေးထိုးတက်

**DVB । ဖေဖေါ်ဝါရီ ၂၂ ။** ။ ဒီတရက်နှစ်ရက်အတွင်းမှာ ဆန်ချောဈေးသိသိသာသာတက်သွားပါတယ်။ သောကြာနေ့က ပေါ်ဆန်းတအိတ် ၂၇၀၀၀–၂၈၀၀၀ ကျပ်လောက်ကနေ ဒီနေ့တအိတ် ၃ သောင်း၊ ၃ သောင်း ၂ ထောင်လောက်ထိ ဈေးမြင့်သွားတာပါ။

လစာတိုးမယ်ဆိုတဲ့သတင်းတွေ၊ ရွှေနဲ့ဒေါ်လာဈေး မြင့်တက်သွားတာတွေကြောင့်ဖြစ်နိုင်တယ်လို့ ဆန်ဆိုင်တွေက ပြောပါတယ်။

“စပါးအစိုက်နည်းတယ်။ ပေါ်ဆန်းစပါး အစိုက်နည်းတယ်။ နောက်ပြီးတော့ ဒီရာသီက ပေါ်ဆန်းထည့်တဲ့လူတွေ လျောင်တဲ့အချိန်။ အဲတော့ ဈေးက ဆွဲတင်ရင် တင်သလို ပါနေတာပေ့ါ။ လိုသလောက် ဆွဲတင်တာပေ့ါ။ ဒီနှစ်က တောက်လျှောက်တက်လာတာ။ လက်ဦးပိုင်းမှာ အေးအေးဆေးဆေးပဲ။ ၁၈၊ ၁၉၊ ၂၀ ထိအောင် ဆင်းလာသေးတယ်။ ဆင်းလာပြီးတော့ ၂၂ ပတ်ချာလည်လောက်မှာ တော်တော်ငြိမ်နေသေးတယ်။ တခါ ဘယ်ကို ပြန်တက်သွားလဲဆိုတော့ ၂၆ နဲ့ ၂၈ ကြားပေ့ါ။ အဲဒီကြားလေးမှာ နည်းနည်း ကြာသေးတယ်။ အခုတက်သွားတာ ရုတ်တရက်ကြီး။ သောကြာနေ့အထိကို ၂၈ ပဲရှိသေးတယ်။ ၂၈၊ ၂၈ ခွဲ ပေါ်ဆန်း အလတ်စပေ့ါနော်။ တကယ့်ရှယ်စကျရင်တော့ မရဘူး ၂၉၊ ၃၀ ပတ်ဝန်းကျင်မှာ အဲဒီရက်တွေက ပေါက်တယ်။ အခုရက်တွေကတော့ အခုလောလောဆယ် တက်သွားတာ ၂၀၀၀ နဲ့ ၃၀၀၀ တက်သွားတယ်။”

သူပြောသွားတဲ့ ကိန်းဂဏန်းတွေက ကျပ်သောင်းဂဏန်းတွေကို ပြောတာဖြစ်ပါတယ်။ ဆန်ကြမ်းဈေးကတော့ မတက်ဘဲ အိတ်စပို့ဈေးမကိုက်တာကြောင့် ဆန်မတင်ပို့နိုင်ဘဲ ဈေးကွက်ထဲ ဆန်ကြမ်းတွေ အလျှံပယ်ရှိနေလို့ပါ။ ပြီးခဲ့တဲ့အပတ်ကစပြီး ရွှေနဲ့ နိုင်ငံခြားငွေဈေးတွေ တက်လာခဲ့ပြီး ဒီနေ့ ရန်ကုန်ရွှေဈေးက တကျပ်သား ကျပ် ၆၇၇၅၀၀ ပါ။ ဒေါ်လာက ကျပ် ၉၁၀ လောက် အက်ဖ်အီးစီက ကျပ် ၉၀၀ လောက် ပေါက်ဈေးရှိပါတယ်။

# ဗြိတိသျှဝန်ကြီးချုပ်ထံ မြန်မာ့ဒီမိုအင်အားစုများ အိတ်ဖွင့်စာ ပေးပို့

**RFA ၊ ဖေဖော်ဝါရီ ၂၄ ။** ။ ဗြိတိန်နိုင်ငံမှာရှိတဲ့ မြန်မာတိုင်းရင်းသားအဖွဲ့အစည်းလေးဖွဲ့နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်-လွတ်မြောက်နယ်တို့ကနေ ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းထံကို အိတ်ဖွင့်ပေးစာတစောင် ဖေဖော်ဝါရီ ၂၃ ရက် မနေ့က ပေးအပ်ခဲ့ပါတယ်။

ဗြိတိသျှဝန်ကြီးချုပ်ရုံးကို လန်ဒန်မှာရှိတဲ့ သာသနရံသီ ဝိဟာရဆရာတော် ဦးဥတ္တရ၊ တိုင်းရင်းသားကိုယ်စားလှယ်တွေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်-လွတ်မြောက်နယ်တို့ကနေ အဲဒီ အိတ်ဖွင့်ပေးစာကို သွားရောက်ပေးခဲ့တယ်လို့ သိရပါတယ်။

အဲဒီပေးစာနဲ့ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ လန်ဒန်ဌာနခွဲဥက္ကဋ္ဌ ဒေါက်တာဝင်းနိုင်က RFAကို အခုလိုပြောပြပါတယ်။

"မကြာသေးခင်ကဖွဲ့လိုက်တဲ့ပါလီမန်ဟာ အတုအယောင် ပါလီမန်ဖြစ်တယ်။ ပြည်သူလူထုကနေကိုယ်စားမပြုတဲ့ ပါလီမန် ဖြစ်တဲ့အတွက် နိုင်ငံတကာမှာရှိတဲ့အစိုးရတွေကနေစုပေါင်းပြီး ဒီပါလီမန်ကို အသိအမှတ်မပြုဖို့ အမြန်ဆုံးတောင်းဆိုတယ်။ နောက်တခုကမကြာသေးခင်ကပဲ စစ်အုပ်စုကနေထုတ်လိုက်တဲ့သတင်းစာမှာ ဒေါ်အောင်ဆန်းစုကြည်ကို ဒီလိုဆက်ပြီးလုပ်နေမယ်ဆိုရင် will meet a tragic end လို့ ခြိမ်းခြောက်တာဟာ တရားမမျှတဲ့ဟာဖြစ်တယ်။ ဒါ ဟာ အစိုးရတခုရဲ့ မလုပ်သင့်တာဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်တခုခုဖြစ်သွားရင် အစိုးရမှာတာဝန်ရှိတယ်ဆိုတဲ့အကြောင်းကို ကျနော်တို့က ထောက်ခံတယ်။ ထို့အတူ အဲဒါကို အမေရိကန်အစိုးရက ထောက်ပြပြီး ရှုတ်ချတဲ့အတွက်လည်း ဒီ ဗြိတိသျှအစိုးရကလည်း အမေရိကန်အစိုးရနဲ့တွဲပြီး အဲဒါမျိုး အမြန်ဆုံးတွဲပြီးလုပ်ဖို့ စစ်အုပ်စုကို အမြန်ဆုံးဖိအားပေးဖို့ကို ကျနော်တို့ဝန်ကြီးချုပ်ထံကို ပို့ပေးလိုက်ပါတယ်။"

ဝန်ကြီးချုပ်ရုံးရဲ့တုံ့ပြန်ချက်နဲ့ပတ်သက်လို့လည်း ဒေါက်တာဝင်းနိုင်က ခုလိုပြောပါတယ်။

"လုံခြုံရေးအရာရှိကနေလက်ခံယူပါတယ်။ သူကနေ ဝန်ကြီးချုပ်ထံကို တင်ပြပေးမဲ့အကြောင်း ဝန်ကြီးချုပ်ဆီကနေ ကျနော်တို့ဆီကို တုံ့ပြန်စာ ပြန်စာပေးမဲ့အကြောင်းကို ပြောလိုက်ပါတယ်ခင်ဗျ။ သူတို့ကလည်း ကျနော်ဆီကို အမြဲတမ်း သူတို့ကတော့ အမြဲတမ်းပါပဲ ကျနော်တို့စာပေးလို့ရှိရင် ကျေးဇူးတင်ကြောင်း နောက်ဘာတွေ ဆောင်ရွက်နေတယ်ဆိုတာကို တုံ့ပြန်တဲ့စာကိုပေးပါတယ်။"

---

# အထူးကိုယ်စားလှယ် ချင်း ဒုက္ခသည်တွေနဲ့တွေ့ဆုံ

**RFA ၊ ဖေဖော်ဝါရီ ၂၁ ။** ။ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာ သောမတ်ကင်တားနာ ဟာ မြန်မာနိုင်ငံက လူ့အခွင့်အရေးချိုးဖောက်မှုတွေကိုစုံစမ်းနိုင် ဖို့ မလေးရှားနိုင်ငံကိုရောက်ရှိနေပြီး မလေးရှားကို ထွက်ပြေးရောက်ရှိနေတဲ့ ချင်းတိုင်းရင်းသားဒုက္ခသည်တွေနဲ့ တွေ့ဆုံနေတယ်လို့ သိရပါတယ်။

မစ္စတာကင်တားနားရဲ့ခရီးစဉ်နဲ့ပတ်သက်ပြီးမလေးရှားနိုင်ငံကို ရောက်ရှိနေတဲ့ ကနေဒါအခြေစိုက် ချင်းလူ့အခွင့်အရေးအဖွဲ့ CHRO ရဲ့ တာဝန်ခံတဦးဖြစ်သူ ဆလိုင်းဖွေလျှံက အတည်ပြုပြောပါတယ်။

"ကုလသမဂ္ဂအထူးကိုယ်စားလှယ်ရုံးက ကျနော်တို့ ချင်းပြည်နယ်မှာဖြစ်ပျက်နေတဲ့ကိစ္စတွေကို လေ့လာချင်တယ်တဲ့။ မလေးရှားမှာ ချင်းဒုက္ခသည် ၄ သောင်းကျော်ရှိတယ်ဆိုတော့ မလေးရှားကို သူကိုယ်တိုင်လာပြီး လူ့အခွင့်အရေးချိုးဖောက်ခံနေရတဲ့ကာယကံရှင်တွေနဲ့ကိုယ်တိုင်တွေ့ပြီး စုံစမ်းစစ်ဆေးမှုတွေလုပ်တာပါ"

ဒါပေမယ့် သူက အသေးစိတ်ထုတ်ဖော်ပြောကြားဖို့ ငြင်းဆိုပါတယ်။

ပြီးခဲ့တဲ့လကလည်း အမေရိကန်အခြေစိုက် လူ့အခွင့်အရေးဆိုင်ရာဆရာဝန်များအဖွဲ့က ချင်းပြည်နယ်က လူ့အခွင့်အရေးချိုးဖောက်မှုတွေဟာ လူသားထုတရပ်လုံးကိုကျူးလွန်တဲ့ နိုင်ငံတကာရာဇဝတ်မှုတွေမြောက်နေတယ်ဆိုတဲ့ အစီရင်ခံစာတစောင်ထုတ်ပြန်ခဲ့ပါတယ်။

မလေးရှားနိုင်ငံမှာ လက်ရှိ ချင်းတိုင်းရင်းသားဒုက္ခသည်ပေါင်း ၄ သောင်းကျော်ရှိတယ်လို့ခန့်မှန်းထားပြီးအများအပြားဟာမလေးရှားကတဆင့် တတိယနိုင်ငံတွေကို ရောက်ရှိနေကြပြီ ဖြစ်ပါတယ်။

မစ္စတာကင်တားနားဟာ လာမယ့်လမှာ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအခြေအနေအစီရင်ခံစာကိုလူ့အခွင့်အရေးကောင်စီကို တင်ပြဖို့ရှိပြီး ချင်းတိုင်းရင်းသားများအရေးနဲ့ ရိုဟင်ဂျာလေ့စီးဒုက္ခသည်များအရေးကို အဓိကထားတင်ပြဖို့ရှိတယ်လို့ လေ့လာသူတွေကဆိုပါတယ်။

---

# စာရေးဆရာ ရည်ညွှန်းစင်တာဖွင့်မည်

**DVB ၊ ဖေဖော်ဝါရီ ၂၁ ။** ။ စာရေးဆရာတွေအတွက် ရည်ညွှန်းစင်တာစ ၁ကြည့်တိုက်ကို လာမယ့်မတ် လထဲ စပြီးဖွင့်နိုင်ဖို့ လုပ်နေတယ်လို့ ရည်ညွှန်းစင်တာဖွင့်ဖို့ ဦးဆောင်နေတဲ့ စာရေးဆရာဖေမြင့်က ပြောပါတယ်။ စင်တာအတွက်လိုအပ်တဲ့ အဆောက်အဦရုံးခန်းကို အလှူရှင်တဦးက ၂ နှစ် အခမဲ့သုံးခွင့်ပြုထားပြီး လက်ရှိမှာတော့ စေတနာရှင်စာအုပ်ထုတ်ဝေသူနဲ့စာရေးဆရာတွေရဲ့ ထည့်ဝင်လှူဒါန်းငွေတွေနဲ့ စတင်တည်ထောင်ဖွင့်လှစ်မှာဖြစ်ပါတယ်။

ထုတ်ဝေသူတွေနဲ့ စာရေးဆရာတွေက သူတို့ရေးသားထုတ်ဝေတဲ့ စာအုပ်စာတမ်းတွေလှူဒါန်းကူညီကြဖို့ရှိတယ်လို့လည်း သိရပါတယ်။ စင်တာက လုပ်ပေးဖို့ရှိတာတွေကို ဆရာဖေမြင့်က ခုလိုပြောပါတယ်။

"စာသမားသုံးဖို့အတွက်ပဲ အဓိကရည်ရွယ်တယ်။ reference library သဘောမျိုးပေ့ါ။ အဲဒါလေးလုပ်မယ်။ လုပ်တော့ ကျနော်တို့ နောက်ပိုင်း ရည်ရွယ်တာကတော့ ကျနော်တို့ဆီမှာ စာပေသမား ကျနော်တို့လို အသက်အရွယ်လောက်ရောက်တဲ့ စာရေးဆရာတွေ ၅၀၊ ၆၀ လောက်ပေ့ါနော်။ အဲဒီလိုပုဂ္ဂိုလ်တွေကျတော့ အင်တာနက်သုံးတဲ့လူ နည်းတယ်ဗျ။ ကွန်ပျူတာတို့ဘာတို့ ကိုင်တဲ့ လူတွေလည်း နည်းတာပေ့ါလေ၊ တချို့တော့ သုံးကြပါတယ်။ ဒါပေမယ့်အဲဒီအသက်အရွယ်ကတော့ သုံးတာနည်းကြပါတယ်။ ဆိုတော့ နည်းနည်းကြီးတဲ့လူတွေ သုံးနိုင်စွဲနိုင်အောင် နေရာလေးနဲ့၊ သုံးဖြစ်စွဲဖြစ်အောင် လေ့ကျင့်ပေးတဲ့ဟာလေးပါ ဒီနေရာလေးမှာ လုပ်မလို့စိတ်ကူးတယ်ဗျ။"

ခေတ်မီသတင်းအချက်အလက်နည်းပညာတွေကို စာရေးဆရာတွေ အလွယ်တကူရနိုင်ဖို့ ကိုယ့်အားကိုယ်ကိုး ဝိုင်းလုပ်ကြတာဖြစ်ပါတယ်။ စာရေးဆရာတွေ ရည်ညွှန်းစင်တာအတွက် ပြည်တွင်းပြည်ပက အလှူရှင်တွေလှူဒါန်းကြဖို့ဖိတ်ခေါ်ထားပါတယ်။ စာအုပ်စာတမ်း၊ ငွေကြေး၊ ပရိဘောဂအသုံးအဆောင်ပစ္စည်း ကြိုက်သလိုလှူဒါန်းနိုင်ပြီး ဖုန်း ၀၁–၃၇၇၁၇၇ကို ဆက်သွယ်နိုင်တယ်လို့ဆိုပါတယ်။ စာရေးဆရာရည်ညွှန်းစင်တာကို ရန်ကုန်မြို့လမ်း (၄၀) အမှတ် (၁၄၀) မြေညီထပ်မှာ ဖွင့်မှာဖြစ်ပါတယ်။ စာရေးဆရာတွေအတွက် ရည်ရွယ်ဖွင့်လှစ်တဲ့ကိုယ့်အားကိုယ်ကိုး ရည်ညွှန်းစင်တာဖွင့်မှာဟာ ဒီအကြိမ်က ပထမဆုံးဖြစ်ပါတယ်။

# ငြေစစ်ဆေးနွေးရေး ဆိုရာဝယ်

**ခင်မမမျိုး**

**ယခင်အပတ်အဆက်**

ဒီလိုအခြေအနေမျိုးကို မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်နိုင်ခဲ့ရင် စေ့စပ်ဆွေးနွေးရေး ဖြစ်လာအောင် လုပ်ယူလို့ရပါတယ်။ ဒီလိုလုပ်ယူတဲ့အခါမှာ Track II နဲ့ Track III အခန်းကဏ္ဍက အလွန်အရေးကြီးပါတယ်။

အာဏာရှင်တွေဘက်က ထိပ်ပိုင်းခေါင်းဆောင်တွေနဲ့ အတိုက်အခံဘက်က အင်အားစု ခေါင်းဆောင်တွေအနေနဲ့ မရှုံးမနိုင်ဖြစ်ပြီး political deadlock ဖြစ်နေတာကို တွေ့မြင်နေပေမယ့် open moves ကို လက်တွေ့လုပ်ဖို့ ခဲယဉ်းလေ့ရှိပါတယ်။ သူတို့ ရောက်နေတဲ့ ခေါင်းဆောင်အခြေအနေမှာ တဘက်က တဘက်ကို အရှုံးပေးလိုက်တယ်လို့ နောက်လိုက်တွေက ထင်မှာကိုလဲ စိုးရိမ်လေ့ရှိကြပါတယ်။ သူတို့ရဲ့ အင်အားကို တဘက်နဲ့ တဘက် ပြကြရမှာလဲ ဖြစ်တဲ့အတွက် စေ့စပ်ဆွေးနွေးလိုပါတယ်လို့ စတိတ်မင့်တွေ ထုတ်တာ၊ တောင်းဆိုတာ၊ ဆက်ဆံရေးအရာရှိ ခန့်တာတွေ လုပ်တတ်ကြပေမယ့်လက်တွေ့ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ကို စတင်ဖို့ကျတော့ လျှို့ဝှက်ပဲဖြစ်စေ ဝန်လေးလေ့ရှိပါတယ်။ symbolism of talking with an enemy ဆိုတာကို နောက်ပါအင်အားစုတွေ သိသွားမှာကို စိုးရိမ်လေ့ရှိ ပါတယ်။

ဒါကြောင့် လက်တွေ့အကောင်အထည်ပေါ်လာဖို့အတွက် ကနဦးအနေနဲ့ပညာရှင်တွေ၊ Track II- III ခေါင်းဆောင်တွေကစ တင်ပေးဖို့လိုပါတယ်။ ၁၉၉၀ နှောင်းပိုင်းကာလတွေတုန်းက Tajikistan နိုင်ငံရဲ့ဒိုင်ယာလော့ဖြစ်စဉ်ကို ပညာရှင်တွေ၊ Track II- III ခေါင်းဆောင်တွေကစတင်ခဲ့ကြတာပါ။ ထိပ်ပိုင်းခေါင်းဆောင်တွေအကြားမှာ တရားဝင် ဒိုင်ယာလော့ခ် ဆွေးနွေးပွဲကြီးတွေ မစတင်ခင်တနစ်လောက်အကြာမှာကတည်းက ပညာရှင်တွေအကြား၊ အလယ်အလတ် ခေါင်းဆောင်တွေအကြားမှာ တရားမဝင် ဒိုင်ယာလော့ခ်တွေအများအပြားလုပ်ခဲ့ကြတာပါ။ အဲဒီကနေမှ အရှိန်ရလာပြီး ခေါင်းဆောင်ကြီးတွေအကြားက တရားဝင်ဆွေးနွေးပွဲတွေ ပေါ်ထွက်လာတာပါ။ ပညာရှင်တွေ၊ ခေါင်းဆောင်ငယ်တွေပါဝင်တဲ့ ဒိုင်ယာလော့ခ်အုပ် စုဟာ "Memorandum on a Negotiating Process for Tajikistan," ဆိုတာကို ရေးဆွဲတင်သွင်းနိုင်ခဲ့ကြပြီး၊ တရားမ ဝင်ဆွေး နွေးပွဲများစွာကနေ official platform တခုကို ရောက်အောင် တည်ဆောက်နိုင်ခဲ့ကြပါတယ်။

လက်တွေ့မှာ ဒီအဆင့်ကိုစတင်ဖို့က အခက်ခဲဆုံးဖြစ်ပါတယ်။ အစပျိုးတဲ့ ပညာရှင်တွေနဲ့ နှစ်ဘက်ခေါင်းဆောင်ငယ်တွေကိုလူအများက အကြီးအကျယ်ဝေဖန်တိုက်ခိုက်မှုတွေ ပေါ်ထွက်လာနိုင်ပါတယ်။ သာမန် လမ်းဘေးရန်ပွဲကို ဝင်ရောက်စေ့စပ်ဖို့ ကြိုးပမ်းမှုမှာတောင် နှစ်ဘက်စလုံးရဲ့တိုက်ခိုက်မှုကို ကြားကနေ အချောင်ခံရနိုင်မှုတွေရှိသေးတယ်ဆိုရင် တိုင်းပြည်တခုမှာဖြစ်နေတဲ့ပဋိပက္ခကို ကြားဝင်စေ့စပ်တာမှာက ဒီထက် ပိုဆိုးနိုင်ပါတယ်။ နိုင်ငံရေးအခြေအနေကို ခံစားချက်များများဘေးဖယ်ပြီး လက်တွေ့ကျကျ သုံးသပ်နိုင်သူတွေ၊ဝေဖန်မှုတွေကို ကြံ့ကြံ့ခိုင် ရင်ဆိုင်ရဲသူတွေ၊ ကိုယ်လုပ်တဲ့ အလုပ်အတွက် ဘယ်သူမြှောက်ပေးလို့၊ ဆွယ်လို့လုပ်တာပါလို့ ဘယ်သူ့ကိုမှဖြေရှင်းချက်ထုတ်မနေပဲ လုပ်စရာရှိတာကို လုပ်ရဲသူတွေကသာ ဒီအဆင့်ကို စတင်ဖို့ လိုအပ်ချိန်တွေမှာ အစပျိုး ဦးဆောင်နိုင်သူတွေဖြစ်လာနိုင်ပါတယ်။

(၂) Phase Two: Mapping Issues and Relationships

ဒီအဆင့်မှာ အာဏာပိုင်အဖွဲ့အစည်းတွေ၊ အတိုက်အခံ အင်အား စုတွေသာမက ပြည်သူတွေပါ ပါဝင်လာပါတယ်။ အဖွဲ့အစည်းနဲ့ ပတ်သက်သူတွေက စေ့စပ်ဆွေးနွေးရေးနဲ့ ပတ်သက်တဲ့ နိုင်ငံရေး ထောက်ခံအားပေးမှုကို တည်ဆောက်ခြင်းအားဖြင့် ရရှိလာမယ့်အောင်မြင်နိုင်မှုအတိုင်းအတာကို တွက်ချက်ကြပါတယ်။ ပြည်သူလူထုနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကလဲ တိုင်းပြည်မှာ အရေးတကြီးဖြေရှင်းရမယ့် ပြဿနာတွေကို အာဏာပိုင်တွေ၊ အတိုက်အခံအဖွဲ့အစည်းတွေနဲ့ ဘယ်လိုပူးတွဲဖြေရှင်းလို့ ရနိုင်မလဲ ဆိုတာကို စဉ်းစားလာကြပါတယ်။

ဒီအဆင့်မှာ Track I ခေါင်းဆောင်တွေ တိုက်ရိုက်ပါဝင်ပတ်သက်မှု ရှိချင်မှ ရှိနိုင်ပါတယ်။ ပြည်သူလူထုကလဲ တွေ့ဆုံဆွေးနွေး အဖြေရှာမှုကို တောင်းဆိုလှုပ်ရှားမှုတွေ ဖြစ်လာချိန်မှာ issues နဲ့ relationships တွေကို တွဲစပ်မှုတွေ လုပ်လာပါတယ်။ သို့ပေမယ့် ထိပ်ပိုင်းခေါင်းဆောင်တွေ အချင်းချင်း လက်ဆွဲနှုတ်ဆက်တာ၊ တွေ့ဆုံနှုတ်ဆက်တာ၊ ညစာစားပွဲတက်တာတွေ စတဲ့ symbolic significance ကို ဖန်တီးတဲ့အဆင့်ထိပဲ တက်လို့ရလေ့ရှိပါတယ်။ ဒီအဆင့်ကို အရှိန်မြှင့်ရမှာက ပညာရှင်တွေနဲ့ Track II-III ခေါင်းဆောင်တွေ ဖြစ်ပါတယ်။

ဒီအဆင့်မှာ ပဋိပက္ခထဲမှာ ပါဝင်နေတဲ့ နိုင်ငံရေးအင်အားစုတွေအကြား၊ လူမျိုးစုတွေအကြားက ဆက်နွယ်မှုတွေ၊ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မှုတွေကို ဘယ်အရာတွေက ကန့်သတ်ထားတယ်ဆိုတာကို အဖြေထုတ်တာ၊ တိုင်းပြည်ရဲ့ အမျိုးသား အကျိုးစီးပွားအတွက် ဦးစားပေးရမယ့်ကဏ္ဍတွေကို ဖော်ထုတ်တာ၊ ပူးပေါင်းဆောင်ရွက်နိုင်မယ့် လုပ်ငန်းစဉ်တွေ ချမှတ်တာတွေ ပြုလုပ်လာကြပါတယ်။ အင်အားစုတွေအကြား တရားဝင်ဆွေးနွေးပွဲမဟုတ်သေးတဲ့ ဆွေးနွေးပွဲလေးတွေကျင်းပပြီး တဘက်နဲ့တဘက် ပြောဆိုတာတွေကိုအပြန်အလှန်နားထောင်ပေးတာ၊ နှစ်ဘက်စလုံးကဆုံးရှုံးနစ် နာမှုတွေနဲ့ နာကျည်းချက်တွေကို အသိအမှတ်ပြုတာ၊ ဖြစ်ရပ်တွေကို ဝါဒတွေ၊ယုံကြည်ချက်တွေ၊ ရှုထောင့်တွေကနေမကြည့်ပဲ လူသားချင်းစာနာမှုပေါ် အခြေခံပြီး ရှုမြင်သုံးသပ်တာတွေ လိုအပ်ပါတယ်။

နိုင်ငံရေးပညာရှင် Spector နဲ့ Zartman တို့က စေ့စပ်ဆွေးနွေးရေးကို တရားဝင်မစခင် အခင်းအကျင်း (prenegotiation environment) မှာ အင်အားစုတွေအားလုံးလက်ခံနိုင်မယ့် ချဉ်းကပ်နည်းလမ်းတွေကိုရှာဖွေဖို့ပိုမိုလွယ်ကူကြောင်းလေ့လာတင်ပြခဲ့ပါတယ်။ အိုင်ယာလန်မြောက်ပိုင်း ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင်ခဲ့ရတဲ့အကြောင်းရင်းတွေထဲမှာ၁၉၉၃ ခုနှစ် preneg otiation အခင်းအကျင်းအခြေအနေက အဓိကကျကြောင်း ပညာရှင်အများက ထောက်ပြပြောဆိုခဲ့ပါတယ်။

Phase III : Generating the will for a joint solution

**စာမျက်နှာ ၁၈ သို့**

# ကျောင်းသားတပ်မတော် နဝမအကြိမ် ညီလာခံ ကျင်းပပြီးစီး

**DVB ၊ ဖေဖော်ဝါရီ ၂၁ ။** ။ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (အေဘီအက်စ်ဒီအက်ဖ်) ရဲ့နဝမအကြိမ်ညီလာခံကို ထိုင်း နယ်စပ်အနီးမြန်မာပြည်အတွင်းမှာရှိတဲ့ ဒေါင်းဂွင် ဗဟိုဌာနချုပ်မှာ ဖေဖော်ဝါရီ ၁၄ ရက်ကနေ ၁၉ ရက်အတွင်းမှာ အောင်မြင်စွာ ကျင်းပပြီးစီးသွားခဲ့ပါတယ်။

မကဒတရဲ့အနောက်ပိုင်း၊ မြောက်ပိုင်း တပ်ရင်းတပ်ဖွဲ့တွေက တာဝန်ခံတွေ ဗဟိုကော်မတီဝင်အဟောင်းတွေနဲ့ နယ်မြေခံတွေ စုံညီစွာတက်ရောက်ခဲ့ကြပါတယ်။ မကဒတအနေနဲ့ ရှေ့ဆက်ပြီး လူထုတိုက်ပွဲနဲ့ လက်နက်ကိုင်တိုက်ပွဲ နှစ်ခုပူးပေါင်းပြီး တိုက်ပွဲဝင်သွားမယ်လို ဆုံးဖြတ်ခဲ့ကြပါတယ်။ မကဒတ ဥက္ကဋ္ဌဖြစ်တဲ့ ရဲဘော်သံခဲက အခုလိုရှင်းပြသွားပါတယ်။

"ကျနော်တို့ အမျိုးသားခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးလှုပ်ရှားမှုတွေကို အများကြီး ကန့်သတ်ထားပေးတယ်။ နောက်ပြီးတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အခန်းကဏ္ဍကို မမှေ့မှေ့အောင်လို့ သူတို့ကြိုးစားနေတယ်။ ဒါကြောင့် ကျနော်တို့ မြင်တာကတော့ နအဖအနေနဲ့ ကသူသွားမယ့်လမ်းက ၂၀၀၈ ဖွဲ့စည်းပုံကို အသေကိုင်ပြီးတော့မှ အမည်ခံ ရွေးကောက်ပွဲကနေ လွှတ်တော်ခေါ်ထားပြီး အစိုးရသစ်တရပ်ကို ဖော်သွားပြီးတဲ့အခါကျတော့ စစ်အာဏာရှင်စနစ်ကို တရားဝင်အောင် တဖက်သတ် ဥပဒေတွေနဲ့ပြဋ္ဌာန်း လုပ်သွားမယ်ဆိုတာတော့သေချာသွားတဲ့အတွက် ကျနော်တို့ မျှော်မှန်းထားတဲ့ တွေ့ဆုံဆွေးနွေးရေးတို့၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ ဆိုတာက နအဖက လုံးဝမစဉ်းစားတော့ဘူးဆိုတာ အခိုင်အမာပြသနေတာကို ကျနော်တို့ ဆုံးဖြတ်ခဲ့ကြပါတယ်။"

နအဖရဲ့ လမ်းပြမြေပုံအရ ပေါ်ပေါက်လာမယ့် အစိုးရသစ်အနေနဲ့နိုင်ငံအတွက် ပြဿနာပေါင်းစုံကို ဖြေရှင်းနိုင်မှာမဟုတ်ဘူးလို့ ကိုသံခဲက အခုလိုဆိုပါတယ်။

"၂၀၁၀ ရွေးကောက်ပွဲ ၇/၁၁က ရွေးကောက်ပွဲတွေလုပ်တယ်၊လွှတ်တော်တွေဖွဲ့တယ်၊ အစိုးရတွေဆိုတာဖွဲ့ကြတယ်။ ဒါပေမယ့် ဘယ်လောက်ပဲဖွဲ့နေနေ ကျနော်တို့ ဒီပုံသဏ္ဌာန်က မမှန်ဘူး။ ပြည်သူလူထု အကျိုးစီးပွားမဟုတ်တဲ့အတွက်ကြောင့် ဒီနေ့ပြဿနာတွေကို ဖြေရှင်းနိုင်စရာအကြောင်းမရှိဘူး။ အခုတက်လာမယ့် အမည်ခံ ကြံ့ဖွံ့အစိုးရပဲဖြစ်ဖြစ် ဇစ်မြစ်ကတော့ စစ်အာဏာရှင်ပဲ။ အစိုးရက အမည်ခံကြံ့ဖွံ့အစိုးရပဲ။ နောက်တခုက စစ်အာဏာရှင်စနစ်တည်ရှိနေသရွေ့ လူထုတိုက်ပွဲတွေက အချိန်မရွေးပေါ်ပေါက်လာနိုင်တယ်။ နောက်တခုက ဒီတိုက်ပွဲတွေက ခုအချိန်မှာ မပေါ်ပေါက်သေးဘူးဆိုပေမယ့် မပေါ်ပေါက်ဘူးလို့ ဘယ်သူမှမပြောနိုင်ဘူး၊ ပေါ်ပေါက်မယ်လို့ပဲ ယုံကြည်ပါတယ်။"

သံလွင်မြစ်ဘေးက ဝဲကြီးစခန်းမှာကျင်းပတဲ့ အဲဒီညီလာခံကို အေဘီအက်စ်ဒီအက်ဖ်တပ်ရင်း ၉ ရင်းမှ ကိုယ်စားလှယ် ၃၂ ဦး တက်ရောက်ပြီး ဗဟိုကော်မီတီဝင် ၁၅ ဦးနဲ့ အရန်ပါတီဝင် ၃ ဦးကို ရွေးချယ်တင်မြှောက်ခဲ့တယ်လို့ တပ်ရင်းမှူးတဦးက ပြောပါတယ်။ ဥက္ကဋ္ဌအဖြစ် ရဲဘော်သံခဲ၊ ဒုဥက္ကဋ္ဌအဖြစ် ရဲဘော်မျိုးဝင်း၊ အတွင်းရေးမှူးရဲဘော်ဆန်နီ၊ အတွင်းရေးမှူး ၁ အဖြစ် ရဲဘော်ခင်ကျော်၊ အတွင်းရေးမှူး ၂ အဖြစ် ရဲဘော်မြင့်ဦးတို့ဖြစ်လာတယ်လို့သိရပါတယ်။ အေဘီအက်စ်ဒီအက်ဖ်ကို ၈ လေးလုံးအရေးတော်ပုံအပြီး ၁၉၈၈ နိုဝင်ဘာလ ၁ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့တာဖြစ်ပြီး တိုင်းရင်းသားအဖွဲ့တွေနဲ့ အတူ နအဖစစ်အစိုးရကို လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲလာခဲ့တာ အခုချိန်အထိ ဖြစ်ပါတယ်။

# တပ်မတော်နေ့စစ်ရေးပြအခမ်းနားမလုပ်

**DVB ၊ ဖေဖော်ဝါရီ ၂၁ ။** ။ ရှေ့လ ၂၇ မှာ ကျင်းပမယ့် တပ်မတော်နေ့မှာ စစ်ရေးပြအခမ်းနားမလုပ်တော့ဘူးလို့ နေပြည်တော်ကလာတဲ့ သတင်းတွေအရသိရပါတယ်။ ဒီသတင်းကို သီးခြားအတည်မပြုနိုင်သေးပေမယ့် စစ်ဘက်သတင်းရပ်ကွက်တွေအကြား ကျယ်ကျယ်လောင်လောင်ပြောဆိုနေပြီး စစ်တိုင်းအသီးသီးက ခေါ်ယူထားတဲ့ စစ်သားတွေကိုတောင် နေပြည်တော်ကနေ မူရင်းဒေသဆီ ပြန်လွှတ်နေပြီလို့ဆိုပါတယ်။

အဲဒီထဲမှာမြိတ်မြို့အခြေစိုက် ကမ်းရိုးတန်းတိုင်းစစ်ဌာနချုပ်မှစစ်သည်အင်အား ၈၀၀–ပါဝင်ပြီး စနေနေ့ကမှ နေပြည်တော်ကို စစ်ကား ၄၄ စီးနဲ့ ထွက်ခွာသွားတာလို့ဆိုပါတယ်။ ဒီသတင်းတွေနဲ့ပတ်သက်ပြီး ပိုမိုသိနိုင်ဖို့ စစ်ထောက်လှမ်းရေးအရာရှိဟောင်း ဗိုလ်မှူးအောင်လင်းထွဋ်ကို မေးတဲ့အခါ ဖြစ်နိုင်ခြေများတယ်လို့အခုလိုပြောပါတယ်။

"အဲဒီသတင်းတွေနဲ့ပတ်သက်ပြီးတော့ သူက ရောက်ပြီးတော့မှ ပြန်လွှတ် တဲ့အနေအထားမျိုးရှိပါတယ်။ ကျနော့်အမြင်ပေ့ါ။ဘာဖြစ်လို လဲဆိုတော့ စစ်ရေးပြအခမ်းအနားက စစ်သည်ပေါင်း တသောင်းပတ်ဝန်းကျင်လောက်သွားပြီးတော့မှ အခမ်းအနားလုပ်ကြတာ။ ဘာပဲဖြစ်ဖြစ် ဒီလောက် စစ်သည်အများကြီး သောင်းနဲ့ချီပြီးတော့ ရှိတဲ့ဟာက ဗမာပြည်အရပ်ရပ်ကတပ်က ရဲဘော်တွေဆိုတော့ ထိန်းဖို့သိမ်းဖို့လည်း တခုပေ့ါ။ အုပ်ချုပ်မှုပိုင်းဆိုင်ရာရောကျန်တဲ့အပိုင်းတွေမှာရော သူတို့အများကြီးတွက်ချက်ပြီးမှ တွက်ဆတာတွေရှိပါလိမ့်မယ်။ နောက်တခုကလည်း အုပ်ချုပ်ရေးယန္တရားစနစ်တွေကိုပြောင်းနေတဲ့အခါမှာ သူတို့ ဒီစစ်သည်တွေကို ထိန်းမထားချင်တဲ့အတွက်ကြောင့် ပြန်လွှတ်တယ်လို့ပဲမြင်ပါတယ်။"

ဒ့ါအပြင် ဒီလိုပြန်လွှတ်တာဟာ တလောက ထွက်ပေါ်ခဲ့တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရွေးချယ်တာ၊ ဒုသမ္မတရွေးချယ်မှုအပေါ် မကျေလည်တာတွေနဲ့လည်း ဆက်စပ်နေနိုင်တယ်လို့ သူက ပြောပါတယ်။

"အဲဒါသေချာသွားပြီ၊ ဗိုလ်ချုပ်ကြီးမြင့်အောင်ပေ့ါလေ၊ မင်းဓမ္မလမ်းမှာ သူ့ရဲ့အိမ်ရှိပါတယ်။ တရုတ်သင်္ချိုင်းနေရာ ကိုးမိုင်ပေ့ါလေ၊ ပုလိပ်တွေဘာတွေနဲ့တော့ စောင့်ပြီးတော့ အကျယ်ချုပ်ချထားတဲ့ အနေအထားတော့မရှိဘူး။ ပုံမှန်တော့ ရိုပို့လုပ်နေရတဲ့ သဘောတော့ရှိတယ်။ ဒါတွေကလည်းခုနကပြောသလို စစ်ရေးပြအခမ်းအနား တက်ရောက်လာတဲ့ စစ်သည်တွေကို ထိန်းသိမ်းတဲ့နေရာမှာ တစိတ်တပိုင်း ပါလာနိုင်တဲ့အနေအထားမျိုး ရှိပါတယ်၊ သူအရပ်သားသာဖြစ်လို့ရမှာကို။စစ်သားတွေအများကြီးသောင်းနဲ့ချီပြီးတော့မှကန့်ကွက်လာရင် နေလို့မရပါဘူး။ နေပြည်တော်မှာကို ဆန္ဒသွားပြဖို့က အရပ်သားတွေ ထက်စာရင် စစ်သားက ဖြစ်ဖို့များတာကို။" စစ်အစိုးရဘက်ကတော့ အခုချိန်ထိ ဘာမှသတင်းထုတ်ပြန်တာ မရှိသေးပါဘူး။

**စာမျက်နှာ ၁၇ မှ**

**စေ့စပ်ဆွေးနွေးအဖြေရှာရေးကို ကြိုးပမ်းသူတွေဟာ ဒီအဆင့်ရောက်မှ ပူးတွဲအဖြေရှာလိုတဲ့ ဆန္ဒတွေ နိုင်ငံရေးအင်အားစု အသိုင်းအဝိုင်းတွေအတွင်းမှာ ပေါ်ပေါက်လာအောင် အရှိန်မြှင့် ကြိုးပမ်းကြရမှာဖြစ်ပါတယ်။ အင်အားစုတွေအကြားမှာ မတူညီတဲ့ ဝါဒတွေ၊အတွေးအခေါ်တွေ၊ ယုံကြည်ချက်တွေ၊ အကျိုးစီးပွားတွေရှိနေတဲ့ အတွက် စေ့စပ်ဆွေးနွေး အဖြေရှာရေးကို အင်အားစုအားလုံးကသဘောတူလက်ခံထားပြီးဖြစ်မယ်လို့ သတ်မှတ်လို့မရပါဘူး။ ဒီအဆင့်မှာထူးခြားတာက Track I ခေါင်းဆောင်တွေကိုယ်တိုင်စေ့စပ်ဆွေးနွေးရေးအတွက် ပြင်ဆင်မှုတွေ စတင်ပြုလုပ်လာလေ့ ရှိတာ ဖြစ်ပါတယ်။ ဒီအဆင့်မှာ Track I ခေါင်းဆောင်တွေ ရွေးချယ် စဉ်းစားလေ့ရှိတဲ့ substantive and procedural considerations တွေကို ပညာရှင်တွေက သုတေသနပြုလေ့လာကြရာမှာ အချက်ကြီးသုံးချက်ကို တွေ့ခဲ့ကြပါတယ်။**

**ဆက်လက်ဖော်ပြပါမည်**

# လယ်မြေလွှဲပေးကြောင်း အတင်းလက်မှတ်ထိုးခိုင်းမှု အိုင်အယ်လ်အိုတိုင်

**DVB ၊ ဖေဖော်ဝါရီ ၂၁ ။** ။ ပဲခူးတိုင်း အနောက်ခြမ်း နတ္တလင်းမြို့က လယ်သမား ၄ ဦးပိုင်လယ်မြေတွေကို ဆည်မြောင်းဦးစီးဌာနက သိမ်းယူပြီး လယ်မြေလွှဲပေးကြောင်းလက်မှတ်ထိုးခိုင်းတဲ့အတွက် လယ်သမားတွေ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ အိုင်အယ်လ်အိုကို တိုင်ကြားဖို့ပြင်ဆင်နေပါတယ်။

လယ်သမားဦးဝင်းရွှေ၊ ဦးစံရှိန်မောင်၊ ဦးမျိုးညွန့်နဲ့ ဦးတင်ဦး ပိုင်လယ်မြေ ၇ ကေကို ဆည်မြောင်းဦးစီးဌာနက ၁၉၉၆ ခုနှစ်ကတည်းက သိမ်းယူခဲ့တာပါ။ ဆည်မြောင်းဦးစီးဌာနက အဲဒီလယ်မြေတွေကို ယာယီသိမ်းမှာဖြစ်ပြီး သိမ်းထားချိန်အတောတွင်း လယ်သမားတွေကို ဆည်မြောင်းဦးစီးဌာနမှာ အလုပ်ပေးမယ်လို့ ကတိပေးခဲ့ပေမယ့် အခုချိန်ထိ အလုပ်မပေးတဲ့အပြင် အခုလ ၁၇ ရက်နေ့က လယ်မြေကို လွှဲပေးကြောင်း လက်မှတ်ထိုးခိုင်းတာလို့ လယ်သမားတဦးက ပြောပါတယ်။

"ဆည်မြောင်းဌာနကနေ လယ်သမားတွေထံက သိမ်းထားတဲ့လယ်မြေတွေကို လွှဲပါတယ်ဆိုပြီးတော့ လက်မှတ်ထိုးခိုင်းတယ်။ ပြီးခဲ့တဲ့ ၁၇ ရက်နေ့က၊ သိမ်းတာကတော့ ၉၆ ခုကတည်းက သိမ်းထားတဲ့လယ်မြေတွေပေါ့။ အဲဒါကို အခုမှဆည်မြောင်းဌာနကို လွှဲပါတယ်ဆိုပြီးတော့ လက်မှတ်ထိုးခိုင်းတယ်။ ပထမတော့ လယ်သမားတွေကိုလည်း အလုပ်ပေးမယ်ပေါ့။ အခုတော့ ဘာမှမပေးဘဲနဲ့ ဒီလယ်တွေ သူတို့ ဆည်မြောင်းဌာနကိုလွှဲပါ တယ်ဆိုတဲ့အကြောင်း လက်မှတ်ထိုးခိုင်းတယ်။ လက်မှတ်ထိုး ခိုင်းတာ ဆည်မြောင်းဌာနက အေအီး ဦးမြသိန်း၊ လမ်းဗိုလ်က ဦးဝင်းဆွေ၊ စာရေးက ကိုအေးထွန်း သူတို့သုံးယောက်က လယ်သမားတွေကို လက်မှတ်ထိုးခိုင်းတယ်။"

ဆည်မြောင်းဌာန လယ်သမား ၄ ဦးရဲ့ လယ်ကို သိမ်းယူပြီးတခြားလယ်သမားတွေကို သီးစားငှားပြီး လုပ်ခိုင်းခဲ့တယ်လို့ သူက ဆက်ပြောပါတယ်။ ဒါ့ကြောင့် လယ်သမားတွေဟာ ဆည်မြောင်းဦးစီးဌာနကို လက်မှတ်မထိုးပေးဘဲ သူတို့ရဲ့နစ်နာမှုတွေကို အဖွဲ့ချုပ်ကတဆင့် အိုင်အယ်လ်အိုကို တိုင်ကြားမှာဖြစ်တယ်လို့လည်း သူကဆက်ပြောပါတယ်။

"လယ်သမားတွေမှာလည်း ရပိုင်ခွင့်ဘာမှမရှိဘူး။ နောက် သူတို့အာမခံထားတဲ့ ဆည်မြောင်းက အလုပ်ပေးမယ်ဆိုတာလည်း ဘာမှ မပေးဘူး။လုပ်စားဖို့သွားတောင်းတော့လည်း အဲဒီလူတွေကို မပေးဘဲနဲ့ တခြားလူတွေကို သီးစားချပြီးတော့ လုပ်ခိုင်းတယ်။ လယ်သမားတွေငြိမ်နေရတယ်။ အခုကျမှသတင်းဌာနမီဒီယာတွေက အိုင်အယ်လ်အိုတို့ ဘာတို့ကလုပ်ရင် အခြေအနေကောင်းတယ်ဆိုမှ လယ်သမားတွေကလည်း ဒါကိုလုပ်ရမယ်မှန်းသိတာ။ အဲဒါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကနေ အိုင်အယ်လ်အိုကို အကြောင်းကြားဖို့ ကြိုးစားနေတယ်။"

လွန်းခဲ့တဲ့ ၁၅ နှစ်ကတည်း နစ်နာချက်ကို အခုမှ ထုတ်ဖော်ပြောဆိုရတာဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကနေတဆင့် အိုင်အယ်လ်အိုဆီတိုင်ကြားပြီး လယ်သမားတွေကို ကူညီပေးတယ်ဆိုတဲ့အကြောင်းတွေကို သတင်းမီးဒီယာတွေကနေ တဆင့်ကြားရတဲ့အတွက် အခုလို တိုင်ကြားဖို့ စီစဉ်တာလို့ လယ်သမားတွေက ပြောပါတယ်။

---

## နိုင်ငံ့ဘဏ္ဍာငွေသုံးစွဲရေး ဥပဒေသစ် လျှို့ဝှက်ပြဋ္ဌာန်း

**RFA ၊ ဖေဖော်ဝါရီ ၂၁ ။** ။ အစိုးရအဖွဲ့သစ်ဝန်ကြီးဌာန ၃၃ ခုအတွက် ၂၀၁၁-၂၀၁၂ ခုနှစ် နိုင်ငံ့ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဆိုင်ရာ ဥပဒေသစ်ကို စစ်အစိုးရက လျှို့ဝှက်ပြဋ္ဌာန်းလိုက်ပြီလို့ နေပြည်တော်ဝန်ကြီးတွေနဲ့နီးစပ်သူတွေက ပြောပါတယ်။

ဒီဥပဒေကို စစ်အစိုးရရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ အရ ဇန်နဝါရီလ ၂၇ ရက် နေ့စွဲနဲ့ထုတ်ပြန်လိုက်တာဖြစ်ပြီး အခုနှစ် ဧပြီလ ၁ ရက်နေ့မှာ စတင်အသက်ဝင်မယ်လို့ သိရပါတယ်။ အခုလို နိုင်ငံအတွက် အရေးကြီးတဲ့ဥပဒေတွေကို အများပြည်သူတွေကို အသိမပေးဘဲ စစ်အစိုးရက လျှို့ဝှက်ထုတ်ပြန်နေတဲ့အတွက် ဝေဖန်မှုတွေရှိနေပါတယ်။

ရန်ကုန်မြို့က ဥပဒေအကြံပေးဦးအောင်သိန်းက အခုလို ပြောဆိုပါတယ်။

"သတင်းစာမှာ အကျယ်တဝင့် ဖော်ပြမထားတဲ့အတွက်သူတို့ ဘယ်လောက်သုံးလို့ ဘယ်လောက်အထိ ကုန်ကျတယ်၊ဘယ်လောက်အထိ လျာထားငွေရှိတယ်ဆိုတာ ကျနော်တို့သိဖို့ ခက်တယ်ပေါ့။ ပြည်သူတယောက်အနေနဲ့တော့ အစိုးရတရပ်ရဲ့ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုတာကို အကြမ်းဖျင်းလောက်တော့ သိဖို့အတွက် အများပြည်သူဆိုင်ရာ သတင်းစာတွေမှာ ထုတ်ပြန်သင့်တယ်လို့ ယူဆပါတယ်"

အခု လျှို့ဝှက်ပြဋ္ဌာန်းလိုက်တယ်ဆိုတဲ့ ဘက်ဂျက်ဥပဒေထဲမှာ ကျန်းမာရေး၊ ပညာရေး၊ ကာကွယ်ရေး အသုံးစရိတ်တွေ ဘယ်လောက်ခွဲဝေပြဋ္ဌာန်းထားတယ်ဆိုတာ လောလောဆယ်မသိရသေးပါဘူး။

---

## ILO အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်ရောက်ရှိ

**RFA ၊ ဖေဖော်ဝါရီ ၂၂ ။** ။ မြန်မာနိုင်ငံက အလုပ်သမားအရေးနဲ့ ကလေးစစ်သားပပျောက်ရေးလုပ်ငန်းစဉ်တွေဆွေးနွေးဖို့အတွက် အပြည်ပြည်ဆိုင်ရာကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ILO ရဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဒီကနေ့ ဖေဖော်ဝါရီ ၂၂ ရက် ညနေပိုင်းမှာ မြန်မာနိုင်ငံကိုရောက်ရှိမယ်လို့ ရန်ကုန် ILO ရုံးက ပြောပါတယ်။

ဒီကိုယ်စားလှယ်အဖွဲ့ဟာ မြန်မာနိုင်ငံမှာ ၃ ရက်ကြာနေထိုင်မှာဖြစ်ပြီး အဓိက လာရောက်တဲ့ရည်ရွယ်ချက်တွေထဲမှာ ရန်ကုန်မှာ ရုံးဖွင့်ဆောင်ရွက်နေတဲ့ ILO ဌာနခွဲရဲ့လုပ်ငန်းတွေကို နောက်ထပ်သက်တမ်း ၁ နှစ်တိုးရေး သဘောတူစာချွန်လွှာ လက်မှတ်ထိုးဖို့လည်း ပါတယ်လို့ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Steve Mar shall က RFA ကို ပြောပါတယ်။

ခရီးစဉ် ကြိုတင်ပြင်ဆင်ထားချက်အရ ဒီ ILO အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ မြန်မာနိုင်ငံအစိုးရအာဏာပိုင်အရာရှိတွေ၊ အစိုးရလက်အောက်ခံ ကော်မတီအဖွဲ့တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အလုပ်သမားရေးဆောင်ရွက်နေသူတွေနဲ့တွေ့ဆုံမှာဖြစ်ပြီး မြန်မာနိုင်ငံမှာ ILO ရဲ့ မူလတာဝန်ဝတ္တရားတွေ ဆက်ထမ်းဆောင်ရေး သဘောတူစာချုပ် သက်တမ်းတိုးဖို့လည်း အဓိက ပါဝင်တယ်လို့ Mr. Steve Marshall က ပြောပါတယ်။

ဒီကိုယ်စားလှယ်အဖွဲ့မှာ ILO အဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Guy Ryder ဦးဆောင်ပါဝင်ပြီး ဖေဖော်ဝါရီ ၂၅ ရက် သောကြာနေ့ ညနေမှာ မြန်မာနိုင်ငံကထွက်ခွာမယ်လို့ သိရပါတယ်။

ILO အဖွဲ့ကြီးဟာ မြန်မာနိုင်ငံက ကလေးစစ်သားစုဆောင်းမှု၊ အတင်းအဓမ္မခိုင်းစေမှုနဲ့ မြေယာ အတင်းအကျပ်ရွှေ့ပြောင်းမှု၊ သိမ်းဆည်းမှုတွေကို စစ်အစိုးရအာဏာပိုင်တွေနဲ့ သဘောတူညီချက်ရယူပြီး ဦးဆောင်ဖြေရှင်းနေတဲ့ နိုင်ငံတကာအဖွဲ့ကြီးတရပ် ဖြစ်ပါတယ်။

# ကရင်လူငယ် ၁၁ ဦးကို အင်းစိန်ထောင်တွင်းရှိ ပထမဆုံးအကြိမ် ရုံးထုတ်

**DVB ၊ ဖေဖော်ဝါရီ ၂၁ ။** ။ ပခူးတိုင်းအတွင်းက ကိုစောနိုင်ဝင်းနဲ့ မအေးအေးနွယ်တို့ မောင်နှမ ၂ ဦးအပါအဝင် ကရင်လူငယ် ၁၁ ဦးကို အင်းစိန်ထောင်တွင်းရှိ မြောက် ပိုင်းခရိုင် တရားရုံးမှာ ဒီကနေ့ ပထမဆုံးအကြိမ် ရုံးထုတ်ခဲ့တယ်လို့ သိရပါတယ်။

သူတို့ကို မနှစ်က အောက်တိုဘာလအတွင်းမှာ ဖောက်ခွဲမှုသံသယနဲ့ အာဏာပိုင်တွေက ဖမ်းဆီးခဲ့တာဖြစ်ပြီး ဖောက်ခွဲမှုပုဒ်မ၊ တရားမဝင်အသင်းနဲ့ ဆက် သွယ်မှုပုဒ်မ၊ နယ်စပ်ဖြတ်ကျော်မှု လဝကအက်ဥပဒေပုဒ်မ စတဲ့ပုဒ်မတွေနဲ့ တရားစွဲထားတယ်လို့ အမှုလိုက်ရှေ့နေ ဦးကျော်ဟိုးက ပြောပါတယ်။

"မောင်နှမနှစ်ယောက်အမှုက မတရားအသင်းနဲ့ ဆက်သွယ်တဲ့ ၁၇/၁ ရယ်၊ နယ်စပ်ကို တရားမဝင် ဖြတ်ကျော်တဲ့ ပုဒ်မ၁၃/၁ပေါ့၊ အဲဒီ ၂ မှုပဲ။ ကျန်တဲ့ လူတွေက ဖောက်ခွဲပုဒ်မနဲ့ ကိုထွန်းဦးဆိုတဲ့လူက ဖောက်ခွဲပုဒ်မနဲ့ ပုဒ်မ ၃ ပေါ့။ ဗုံးဖောက်ခွဲတယ်ဆိုပြီး တယောက်တည်းက တမှု၊ ကျန်တဲ့ ၅ ယောက်ကသတ်သတ်ရှိသေးတယ်။ ၁၁ ယောက်ထဲက ၅ ယောက်ပဲ။ အဲဒီ ၅ ယောက်ထဲက စောဝီလီယံပါတဲ့ အမှုပေါ့။ စောဝီလီယံပါတဲ့ နောက်တမှုမှာ ခုနပြောတဲ့ ဖောက်ခွဲပစ္စည်းပုဒ်မ ၄ တဲ့။"

သူတို့ကို အာဏာပိုင်တွေက ဖောက်ခွဲမှုနဲ့ဖမ်းဆီးခဲ့တာဆိုပေမယ့် ဘယ်တုန်းက ဘယ်မှာဖြစ်တဲ့ ဖောက်ခွဲမှုနဲ့ဖမ်းတယ်ဆိုတာ မသိရသေးဘဲအမှုတွဲဖတ်ခွင့်ရမှ အသေးစိတ်သိရမယ်လို့ပြောပါတယ်။ မင်းလှမြို့က ကိုစောနိုင်ဝင်းတို့မောင်နှမ၂ဦးကတော့ သူတို့အနေနဲ့ ဘယ်ဖောက်ခွဲမှုနဲ့မှ ပတ်သက်မှုမရှိဘူးလို့ ပြောပြတယ်လို့ ဆိုပါတယ်။ သူတို့ ၁၁ ဦးကို နောက်၂ ပတ်အကြာမှာ ရုံးချိန်းထပ်ပေးလိုက်တယ်လို့လည်း သိရပါတယ်။ X2O သကြန်မဏ္ဍာပ် ဗုံးပေါက်ကွဲမှုနဲ့ဖမ်းဆီးတရားစွဲထားတဲ့ ကိုဖြိုးဝေအောင်ကိုလည်း ဒီကနေ့ ရုံးထုတ်စစ်ဆေးစဉ် တိုက်ပိတ်ထားတဲ့ ပြစ်ဒဏ်တွေနဲ့ ပတ်သက်ပြီး ရုံးတွင်းစာ တစောင် ထုတ်ပြန်ခဲ့တယ်လို့ ရှေ့နေဦးကျော်ဟိုးက ပြောပါတယ်။

"ထောင်အဝင်အဝကနေပြီးတော့ တာဝန်ရှိတဲ့ ထောင်မှူးကနေ သူက ရုံးတွင်းစာဆိုပြီး ထုတ်ပြတယ်၊အကျဉ်းထောင်ရုံးတွင်းစာပေါ့။အဲဒီထဲမှာကိုဖြိုးဝေအောင်က ထောင်စည်းကမ်းဖောက်ဖျက်တယ်၊ ထောင်အုပ်ချုပ်ရေးတွေကို ဝင်ရောက်စွက်ဖက်တယ်၊ နောက်ထောင်သားတွေကို လှုံ့ဆော်ပေးတယ်၊ နောက် ထောင်အရာရှိတွေကိုလည်း မဟုတ်မမှန် စွပ်စွဲတယ်၊ အစရှိသဖြင့်အဲဒါတွေနဲ့အပြစ်တင်တယ်။ သူ့ကို သီးခြားတလထားတယ်၊ ညှော်တွေ့ခွင့်တလ ပိတ်တယ်ဆိုပြီး စာကိုတော့ ထုတ်ပြတယ်။ အကျိုးအကြောင်းတော့ သိရတယ်။ ဒီနေ့ရုံးချိန်းမှာ ညွန်ကြားရေးမှူးချုပ်ကိုယ်တိုင် လာတွေ့တယ်တဲ့။ အခုအခန်းကိုလည်း လုံးဝပိတ် ထားတာမဟုတ်တော့ဘူးလို့ ပြောတယ်။"

ကိုဖြိုးဝေအောင်ကတော့ သူ့အနေနဲ့ ဒီပြစ်မှုတွေကို ကျူးလွန်ခြင်းမရှိကြောင်းနဲ့ ထောင်အာဏာပိုင်တွေရဲ့ စွပ်စွဲချက်တွေအပေါ် ကျေနပ်မှုမရှိကြောင်း ပြောပြတယ်လို့လည်း ဦးကျော်ဟိုးက အခုလို ဆက်ပြောပြပါတယ်။

"သူကတော့ လုံးဝလက်မခံဘူး၊ သူက ဒီဟာတွေကို ကျူးလွန်ထားတာရှိမှမရှိတာကို၊ ထောင်အုပ်ချုပ်ရေးအပိုင်းကို ဝင်ရောက်စွက်ဖက်တယ်ဆိုတာလည်းမရှိဘူး၊ ထောင်အရာရှိတွေကို မတရားစွပ်စွဲတာလည်း မရှိဘူး၊ နောက်ထောင်သားတွေကို လှုံ့ဆော်တယ်ဆိုတာလည်း မဟုတ်ဘူး၊ သူက ထောင်အရာရှိတယောက်ကို မကျေနပ်ဘူး၊ မကျေနပ်တဲ့ကိစ္စကလည်း ခုနပြောသလို ထောင်ထဲမှာ နှစ်ကြီးသမားတွေက အချုပ်သားတွေကို အနိုင်ကျင့်တဲ့ကိစ္စကို သူက အဲဒီဦးစီးမှူးစီကို တွေ့ချင်တယ်၊ တင်ပြချင်လို့။ အဲဒါ သူ့ကို လာမတွေ့လို့ဆိုပြီး သူ့မိန်းမ ညှော်တွေ့လာတဲ့အချိန်မှာ ဒီဦးစီးမှူးကို မကျေနပ်တဲ့အကြောင်း ပြောတဲ့အချိန်မှာ အဲဒီစကားနဲ့ပဲ အရေးယူတာ လက်မခံနိုင်ဘူးပေါ့၊ ဒါလင်မယားကြား ပြောတဲ့စကားကို မှတ်ပြီးတော့ အပြစ်ပေးတာဖြစ်တယ်။"

ကိုဖြိုးဝေအောင်ကို အခုလ ၄ ရက်နေ့ကတည်းက စစ်ခွေးတိုက်ကို ပို့ထား တာဖြစ်ပြီး ထောင်ဝင်စာတွေ့ခွင့်လည်း ပိတ်ထားတာဖြစ်ပါတယ်။

Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

AIR MAIL

PRINTED MATTER